# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

# (Thayninga Institute for Strategic Studies – TISS)

## နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နုတ်ချက်

အမှတ် (၁)၊ ဇန်နဝါရီလ ၂၀၂၂ ခုနှစ်

(သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၂၂ ဇန်နဝါရီလ အတွက် နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာဆန်းစစ်သုတေသနပြုသွားရန် ရည်ရွယ်ခဲ့ပါသည်။ သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာ့တပ်မတော်အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်သုတေသနအဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ယနေ့ခေတ် မျက်မှောက်ကာလတွင် တိုင်းပြည်နိုင်ငံအများစုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွား (National Interest) ကို အဓိကအလေးထား ဖော်ဆောင်နေကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်နိုင်ပါစေဟု သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့မှ ဆန္ဒပြုဆုမွန်ခြွေအပ်ပါသည်။

### <u>၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း သတင်းကောက်နုတ်ချက် ရက်စွဲမှတ်တမ်းများ</u>

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အတွင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပါသည်။

| | | |
|---|---|---|
| ၁။ | ၁ - ၁ - ၂၀၂၂ | ရုရှား – အိန္ဒိယ နှစ်နိုင်ငံပူးပေါင်း ထုတ်လုပ်ထားရှိသည့် BrahMos ဒုံးလက်နက်ကို ပထမဦးဆုံး ဝယ်ယူခွင့် ရရှိသည့် နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း Hindustan Times သတင်းဌာနမှ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ဒုံးလက်နက်ကို ရုရှားဖက်ဒရေးရှင်း၏ NPO Mashinostroyeniya နှင့် အိန္ဒိယ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) တို့မှ ပူးပေါင်းတီထွင်ခဲ့ခြင်း ဖြစ်သည်။ BrahMos သည် ခရုဇ်ဒုံးကျည်စနစ်ဖြစ်ပြီး ဖိလစ်ပိုင်မှာ ပထမဆုံး ဝယ်ယူခွင့်ရရှိသည့် နိုင်ငံဖြစ်သည်။ အဆိုပါ ဝယ်ယူမှုမှာ တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံ၏ ကျူးကျော်လာနိုင်မှုကို တန်ပြန်ရန် ဖိလစ်ပိုင်၏ ခြေလှမ်းတခုဟု သတ်မှတ်နိုင်သည်။ |
| | | တောင်ကိုရီးယားနိုင်ငံ Hyundai Heavy Industries မှ ထုတ်လုပ်သည့် ကော်ဗက်စစ်ရေယာဉ် နှစ်စင်းကို ဖိလစ်ပိုင်က မှာယူခဲ့သည်။ အဆိုပါ မှာယူမှုကို ဖိလစ်ပိုင် Borneo Bulletin သတင်းဌာနက ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် အတည်ပြု ဖော်ပြခဲ့သည်။ ၎င်းမှာ ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားကြားတွင် ပထမဆုံးမဟုတ်ပဲ ၂၀၁၃ ခုနှစ်၊ မေလတွင် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားကာကွယ်ရေးဌာနမှ "Frigate Acquisition Project" အရ ဖိလစ်ပိုင်ရေတပ်အတွက် ကန်ထရိုက်တန်ဖိုး အမေရိကန် ဒေါ်လာ ၄၃၇ သန်းဖြင့် ဖရီးဂိတ်အသစ်နှစ်စီး ဝယ်ယူရန် တောင်းဆိုခဲ့ဖူးသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကိုယ်ပျောက် Jose Rizal–Class ဖရီးဂိတ်စစ်ရေယာဉ် နှစ်စီးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၁ ခုနှစ်အတွင်း ဖိလစ်ပိုင်ရေတပ်အတွက် Jose Rizal–Class ဖရီးဂိတ်စစ်သင်္ဘော နှစ်စင်း ရရှိခဲ့ပြီး ဖြစ်သည်။ |
| | | ရုရှားနိုင်ငံမှ Vega Group နှင့် Beriev Aircraft ကုမ္ပဏီတို့သည် သတ္တမမြောက် အဆင့်မြှင့်တင်ထားသော A–50U တာဝေးလေကြောင်း ကြိုတင်အချက်ပေးစနစ်နှင့် ထိန်းချုပ်ရေးလေယာဉ် (AWACS) ကို ရုရှားလေကြောင်းတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း The Defense Post သတင်းတွင် ဖော်ပြခဲ့သည်။ အဆင့်မြှင့်တင်ထားသော A–50M အဝေက်လေယာဉ်သည် အီလက်ထရောနစ် စနစ်နှင့် လေကြောင်းသွားလာမှု စနစ်များ ပိုမိုအဆင့်မြှင့်လာပြီး လေယာဉ်အလေးချိန်ကို လျှော့ချထားကာ လောင်စာဆီနှင့် တာဝေးပျံသန်းနိုင်စွမ်းကို မြှင့်တင်ထားသည်။ လေယာဉ်ပေါ်တွင် အခန်းများ တိုးချဲ့ထားပြီး အနားယူခန်းနှင့် စားသောက်ခန်းငယ် တစ်ခုကိုပါ ထည့်သွင်းထားသည်။ |
| ၂။ | ၂ - ၁ - ၂၀၂၂ | အာဖဂန်နစ္စတန်ပိုင်ငွေကြေးများကို အမေရိကန်နိုင်ငံက ထိန်းချုပ်ထားခြင်းအပေါ် ကန့်ကွက်သည့်အနေဖြင့် အာဖဂန်ပြည်သူ ထောင်ပေါင်းများစွာသည် ဇန်နဝါရီလ (၂) ရက်နေ့တွင် ကဘူးလ်မြို့လမ်းမများပေါ်တက်၍ ကန့်ကွက်ဆန္ဒပြခဲ့ကြပြီး အာဖဂန်ငွေများ ထိန်းချုပ်ထားခြင်းကို ဖြေလျှော့ရန် တောင်းဆိုခဲ့သည်။ တာလီဘန် လက်နက်ကိုင်များ နိုင်ငံအာဏာစတင်ရယူခဲ့သည့် ပြီးခဲ့သောနှစ် ဩဂုတ်လကတည်းက အာဖဂန်ဗဟိုဘဏ်မှ ပိုင်ဆိုင်သော အမေရိကန်ဒေါ်လာ ၉ ဘီလီယံကျော်ကို အမေရိကန်နိုင်ငံက ထိန်းချုပ်ခဲ့သည့်အပြင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ကမ္ဘာ့ဘဏ်တို့မှ ထောက်ပံ့ထားသည့် ရန်ပုံငွေများလည်း ကန့်သတ်ခြင်းခံလိုက်ရသဖြင့် အာဖဂန်နစ္စတန်နိုင်ငံ၏ စီးပွားရေးသည် များစွာထိခိုက်ခဲ့ရသည်။ ဆန္ဒပြသူများက "တို့ အသိမ်းခံထားရတဲ့ ပိုက်ဆံ တို့ကိုပြန်ပေး" "ငါတို့ပိုက်ဆံ ငါတို့ပြန်ပေး" ဟူသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ ကဘူးလ်မြို့၌ ကြွေးကြော် ဆန္ဒပြခဲ့ကြသည်။ |

| | | |
|---|---|---|
| ၃။ | ၃ - ၁ - ၂၀၂၂ | တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်၏ ဒုတိယမြောက် Type 075 ရဟတ်ယာဉ်တင်သင်္ဘောသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် တပ်တော်ဝင်ခဲ့ကြောင်း ဒေသတွင်းသတင်းစာများက ဖော်ပြခဲ့သည်။ သင်္ဘောမှာ တန်ချိန် ၃၀၀၀၀ ရှိပြီး (နေတိုးကုဒ် – ယူရှန်အဆင့်အတန်း ရဟတ်ယာဉ်တင်သင်္ဘော) ဟူဒေါင်-ကျုံးဟိန် ကုမ္ပဏီ၏ သင်္ဘောကျင်းတွင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ သင်္ဘောကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့တွင် စတင်စမ်း သပ်ခဲ့ပြီး ကွမ်းရှီ (GUANG XI) ဟု အမည်ပေးရန် မျှော်လင့်ကြောင်း ရေတပ်စစ်ရေးဆိုင်ရာ ဂျာနယ်လစ် ခရစ်ကားဗက်စ်က ပြောဆိုထားသည်။ ယူရှန်အဆင့်အတန်း ရဟတ်ယာဉ်တင် တိုက်ခိုက်ရေးသင်္ဘောသည် အမေရိကန် ပြည်ထောင်စု၏ Wasp –class နှင့် America class သင်္ဘောများမှလွဲ၍ ခေတ်ပြိုင် အခြားသင်္ဘောများထက် အရွယ်အစားကော တန်ချိန်ပါ ပိုမိုကြီးမားသည်။ ထိုင်ဝမ်အရှေ့ဘက် ကမ်းရိုးတန်းဒေသမှာ တောင်များ ထူထပ်သဖြင့် Type 075 သင်္ဘောကို ရဟတ်ယာဉ်တင်စစ်ဆင်ရေးများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပုံရကြောင်း လေ့လာသူများက သုံးသပ်သည်။ |
| | | အမေရိကန်ပြည်ထောင်စုနှင့် နေတိုးအဖွဲ့က ရုရှားနိုင်ငံကို တိုက်ခိုက်မည်ဆိုပါက ရုရှားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး စနစ်များကြောင့် အမေရိကန်အနေဖြင့် ဘေးဒုက္ခဆိုးများ ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်ကြောင်း တရုတ်မီဒီယာ တစ်ခုဖြစ်သည့် MEHR News Agency က ရေးသားဖော်ပြခဲ့သည်။ ရုရှားနိုင်ငံ၏ အလွန်ခေတ်မီသော လေကြောင်းရန် ကာကွယ်ရေး စနစ်များတွင် ဘက်စုံသုံး ရေဒါများနှင့် ပစ်မှတ်ရှာဖွေတိုက်ခိုက်ချေမှုန်းရေး စနစ်များ တပ်ဆင်ထားကြောင်း တရုတ်နိုင်ငံရှိ Soho သတင်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။ |
| ၄။ | ၄ - ၁ - ၂၀၂၂ | တရုတ်နိုင်ငံ၏ စီးပွားရေးသည် အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းစားသုံးမှုများ အပေါ်တွင် ပိုအားထားလာနေပြီး ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့အကြီးဆုံးစီးပွားရေးပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်လာရန် ဦးတည်နေကြောင်း လေ့လာရေးအဖွဲ့များက ခန့်မှန်းခဲ့သည်။ တရုတ်နိုင်ငံ၏ GDP သည် ၂၀၂၅ အထိ ၅ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၃၀ တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် နှစ်စဉ် တိုးတက်သွားလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်ဘောဂဗေဒနှင့် စီးပွားရေးလုပ်ငန်းများ လေ့လာရေးဌာန Centre for Economics and Business Research (CEBR) က ခန့်မှန်းပြောဆိုခဲ့သည်။ လက်ရှိတွင်ကမ္ဘာတွင် ဒုတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံ တရုတ်က အမေရိကန်၏ ပထမနေရာကို ၂၀၃၀ ပြည့်နှစ်တွင် ရယူသွားလိမ့်မည်ဟု ဟောကိန်းထုတ်ထားသည်။ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးနိုင်ငံဖြစ်လာပါက နိုင်ငံတကာရေးရာများတွင် တရုတ်အနေဖြင့် ဩဇာပိုမိုကြီးမားလာနိုင်ကြောင်း CEBR အဖွဲ့မှ McWilliams က သုံးသပ်ထားသည်။ |
| | | အမေရိကန်ပြည်ထောင်စုတွင် ဇန်နဝါရီလ (၃) ရက်နေ့ တစ်ရက်တည်းမှာတင် ကိုဗစ် – ၁၉ ကူးစက်သူ (၁) သန်းကျော်ရှိခဲ့ကြောင်း မှတ်တမ်းပြုစုနေသည့် Johns Hopkins တက္ကသိုလ်က ထုတ်ပြန်ခဲ့သည်။ အမေရိကန်တွင် ကူးစက်မြန် ကိုဗစ် – ၁၉ မျိုးဗီဇကွဲ Omicron ကူးစက်မှု အရှိန်မြင့်နေခြင်းကြောင့် ထိုသို့ စံချိန်တင်ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ထိုရက်တွင်ပင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၆၈၈ ဦးရှိခဲ့သည်။ ကိုရိုနာ ဗိုင်းရပ်စ်ကပ်ရောဂါ စတင်ဖြစ်ပေါ်ခဲ့သည့် အချိန်ကစ၍ အမေရိကန်တွင် ရောဂါပိုး ကူးစက်သူစုစုပေါင်း (၅၆) သန်းကျော်သွားပြီ ဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင်လည်း တစ်ရက်အတွင်း ကိုဗစ် – ၁၉ ကူးစက်သူ ၄၈၀၀၀ နီးပါး ရှိခဲ့သည်။ ၎င်းသည် ဩစတြေးလျ |

| | | |
|---|---|---|
| | | အတွက် တစ်ရက်အတွင်း ကူးစက်မှုနှုန်း စံချိန်တင်မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ |
| | | ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် J-10C ဘက်စုံသုံးတိုက်လေယာဉ် (၂၅) စင်းကို ဝယ်ယူခဲ့ကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး ရှိတ်ခ်ရာရှစ်အာမက်ဒ်၏ ပြောဆိုမှုကို ကိုးကား၍ The Defense Post တွင် ဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံက ပြင်သစ်ထံမှ ၂၀၁၆ ခုနှစ်အတွင်း ဝယ်ယူခဲ့သော ဒက်ဆော့လ်တ်ရာဖေး တိုက်လေယာဉ် (၃၆) စင်းကို ယှဉ်ပြိုင်နိုင်ရန် ချန်ဒူးလေယာဉ်ထုတ်လုပ်ရေး ကော်ပိုရေးရှင်းမှ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။ ပါကစ္စတန်နှင့် တရုတ်တို့က J-10C တိုက်လေယာဉ်များအကြောင်း အသေးစိတ်ထုတ်ဖော် ပြောကြားခြင်း မရှိသော်လည်း အစောပိုင်းကာလ၌ ပြုလုပ်ခဲ့သော နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုတွင် J-10C တိုက်လေယာဉ်များ ပါဝင်ခဲ့သည်ကို တွေ့ရှိရသည်။ J-10C တိုက်လေယာဉ်များကို မတ်လ အစောပိုင်းတွင် စတင်ပေးပို့နိုင်ချေရှိပြီး လေယာဉ်အုပ်တစ်ခုလုံး မတ်လ (၂၃) ရက်နေ့ ပါကစ္စတန် စစ်ရေးပြအခမ်းအနားတွင် မြင်တွေ့ရဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ |
| ၅။ | ၅-၁-၂၀၂၂ | ယူကရိန်းနိုင်ငံ၏ အရှေ့ပိုင်း နယ်စပ်တစ်လျှောက်တွင် ရုရှားနိုင်ငံဘက်မှ စစ်အင်အား တည်ဆောက်နေမှုများကြောင့် ဖြစ်လာရသည့် တင်းမာမှုများ ပြေလည်ရေး ကြိုးပမ်းရန် အတွက် ရုရှားတာဝန်ရှိသူများနှင့် အနောက်နိုင်ငံများမှ သံအမတ်ကြီးများ တွေ့ဆုံဆွေး နွေးကြရန် စီစဉ်ထားကြောင်း NATO အဖွဲ့ အတွင်းရေးမှူးချုပ် Jens Stoltenberg က ထုတ်ပြန်ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာတွင် အမေရိကန်နှင့် ရုရှားတာဝန်ရှိသူများ လုံခြုံရေးဆိုင်ရာ နှစ်ဘက်ဆွေးနွေးပွဲ ပြုလုပ်ပြီး (၂) ရက်အကြာ ဇန်နဝါရီလ (၁၂) ရက် နေ့ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ် မြို့တော်တွင် NATO-Russia ကောင်စီ ဆွေးနွေးပွဲ ကျင်းပရန် စီစဉ်ထားခြင်း ဖြစ်သည်။ |
| | | အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက လက်ရှိ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်ဆန်ကို တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံကိစ္စ ကို အာဆီယံအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေး ရှေ့တိုးလုပ်ဆောင်ရန် အရေးကြီး ကြောင်း ဆွေးနွေးခဲ့သည်ဟု ကမ္ဘောဒီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနက ဇန်နဝါရီ လ (၄) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်ပြီး ခေါင်း ဆောင်နှစ်ဦး အမြင်ခြင်းဖလှယ်ခဲ့ကြပြီး၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် သင့်တော်သည့် နည်းလမ်းကို ရှာဖွေပြီး အာဆီယံအနေနှင့် ကူညီလုပ်ဆောင်နိုင်ရေး အရေးကြီးသည်ဟု ဆွေးနွေးခဲ့ကြကြောင်း ကြေညာချက်တွင် ဖော်ပြခဲ့သည်။ |
| | | Omicron နှင့် Delata မျိုးကွဲများကြောင့် တစ်ကမ္ဘာလုံး ကိုဗစ်ကူးစက်မှုများ ပြန်လည် မြင့်တက်လာနေချိန်တွင် မျိုးကွဲသစ်တခုကို ထပ်မံတွေ့ရှိခဲ့သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလ အတွင်းက Marseille မြို့အနီး နေထိုင်သူ လူနာ (၁၂) ဦးတွင် မျိုးကွဲသစ် ကူးစက်ခံထား ရသည်ကို IHU ရောဂါကူးစက်မှုဌာနက တွေ့ရှိခဲ့သည်။ ပထမဆုံးတွေ့ရသည့် ပိုးကူးစက် ခံရသူမှာ ကင်မရွန်းနိုင်ငံကို သွားရောက်ခဲ့သူဖြစ်ကြောင်း၊ မျိုးကွဲသစ်အတွင်း ဗီဇ (၄၆) ကြိမ်ပြောင်းထားသည်ကို တွေ့ရှိရကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောဆိုခဲ့ပြီး B16402 ဟု အမည်ပေးထားသည်။ အဆိုပါ ဗိုင်းရပ်ကို အခြားသော တိုင်းပြည်များတွင် မတွေ့ရှိရသေးပေ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကလည်း အသိအမှတ် မပြုရသေးပေ။ |
| ၆။ | ၆-၁-၂၀၂၂ | ဇန်နဝါရီလ (၅) ရက်နေ့တွင် ကာဇက်စတန်၏ အချို့ဒေသများ၌ ရန်းရင်းဆန်ခတ်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး နေရာအများအပြားတွင် အဓိကရုဏ်းများ ပိုမိုပြင်းထန်လာကာ |

| | | |
|---|---|---|
| | | အစိုးရအေဂျင်စီများသို့ ဝင်ရောက်စီးနင်းခဲ့မှုကြောင့် ကာဇက်စတန်သမ္မတ Kassym-Jomart Tokayev က နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာသည့် သမ္မတအမိန့် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။ ထို့နောက် သမ္မတ Tokayev ၏ တောင်းဆိုချက်အရ စုပေါင်းလုံခြုံရေးစာချုပ်အဖွဲ့ (CSTO) သည် ကာဇက်စတန်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များကို အချိန်တိုအတွင်း ဖြန့်ကျက်ရန် ဆုံးဖြတ်ခဲ့ကြောင်း CSTO က ဇန်နဝါရီလ (၆) ရက်နေ့တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ |
| | | ဂိုလန်ကုန်းမြင့်ရှိ ဆီးရီးယားနယ်စပ် တစ်လျှောက်တွင် သံသယရှိသော ပစ်မှတ်များအား စုံစမ်းထောက်လှမ်းပြီးနောက် အစ္စရေးတင့်ကားများက ဇန်နဝါရီလ (၅) ရက်နေ့တွင် ပစ်ခတ်ခဲ့သည်ဟု အစ္စရေးတပ်မတော်က ထုတ်ပြန်ကြေညာခဲ့သည်။ အစ္စရေး သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်နှင့် ထိစပ်နေသည့် ဆီးရီးယားနိုင်ငံ ကျူနိုင်းထရာ ပြည်နယ်ရှိ အယ်လ်ဟာရီယာဒ်ကျေးရွာ တောအုပ်အတွင်းသို့ အစ္စရေးတင့်ကားများက ပစ်ခတ်ခဲ့ကြောင်း ဆီးရီးယားသတင်းဌာန SANA က ကြေညာခဲ့သည်။ အစ္စရေး ရဟတ်ယာဉ်များနှင့် ကင်းထောက်လေယာဉ်များလည်း ယင်းဒေသတွင် ပျံသန်းခဲ့ကြကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြခဲ့သည်။ ဆီးရီးယားကျေးရွာအနီးရှိ တောအုပ်အတွင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောဆိုခဲ့သော်လည်း အသေအပျောက်စာရင်းကို ထုတ်ဖော်ခြင်း မရှိပေ။ |
| | | မြောက်ကိုရီးယားနိုင်ငံ (DPRK) သည် အသံထက်မြန်သော ဒုံးကျည်တစ်စင်းအား အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနက ဇန်နဝါရီလ (၆) ရက်နေ့တွင် ဖော်ပြခဲ့သည်။ ဒုံးကျည်အား ဇန်နဝါရီ (၅) ရက်နေ့တွင် ကာကွယ်ရေး သိပ္ပံအကယ်ဒမီမှနေ၍ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ကီလိုမီတာ ၇၀၀ အကွာရှိ ပစ်မှတ်အား ထိမှန်ခြင်းမပြုမီ ဘေးတိုက်အနေအထားဖြင့် ကီလိုမီတာ ၁၂၀ ကို ဝေ့ဝိုက်လှုပ်ရှားသွားကြောင်းနှင့် ယင်းသည် လောင်စာဆီစနစ်သစ်၏ ယုံကြည်အားထားရမှုကို သက်သေပြခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။ အဆိုပါ ဒုံးကျည် ပစ်လွှတ်မှုသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း အသံထက်မြန်သော ဒုံးကျည် Hwasong-8 ပစ်လွှတ်ပြီးနောက် ဒုတိယအကြိမ် စမ်းသပ်ပစ်လွှတ်ခြင်း ဖြစ်သည်။ |
| | | ထိုင်းတော်ဝင်လေတပ်သည် သက်တမ်းရင့်နေပြီဖြစ်သော တိုက်ခိုက်ရေး လေယာဉ်အုပ်နေရာတွင် အစားထိုးရန်အတွက် F-35 ကိုယ်ပျောက်တိုက်လေယာဉ် (၈) စင်း ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ထိုင်းလေတပ်တွင် နှစ်ပေါင်း (၃၀) ကျော်ကြာ အသုံးပြုခဲ့သည့် F-5 တိုက်လေယာဉ်နှင့် F-16 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ရန်အတွက် F-35 ဂျက်တိုက်လေယာဉ်များဝယ်ယူရန် လိုအပ်ကြောင်း ထိုင်းလေတပ်ဦးစီးချုပ် နာပက်ဒက် ဒူပက်တီမီယာက ပြောဆိုခဲ့သည်ကို ဘန်ကောက်ပို့စ် သတင်းဌာနက ဖော်ပြခဲ့သည်။ အဆိုပါသတင်းတွင် F-35 လေယာဉ်တစ်စင်း၏ တန်ကြေးသည် ဒေါ်လာ ၁၄၂ သန်းဖြစ်သော်လည်း ထိုင်းနိုင်ငံအတွက် ၄၂ ရာခိုင်နှုန်း ဈေးလျှော့ပေးမည့်အတွက် ဒေါ်လာ ၈၁ သန်းသာ ကျသင့်မည်ဖြစ်ရာ ဝယ်ယူရန်အချိန်ကောင်းဖြစ်သည်ဟု ထိုင်းလေတပ်က တွက်ချက်ထားသည်။ F-35 လေယာဉ်များကို ထိုင်းနိုင်ငံက အရေအတွက် အများအပြား ဝယ်ယူမည်ဆိုပါက တစ်စင်းလျှင် ဒေါ်လာ သန်း ၇၀ ဖြင့် ဝယ်ယူရရှိနိုင်သည်ဟု လေတပ်ဦးစီးချုပ်က ပြောဆိုခဲ့ကြောင်း ထိုင်းအခြေစိုက် Thaiger သတင်းဌာနက ဖော်ပြခဲ့သည်။ |
| ၇။ | ၇ - ၁ - ၂၀၂၂ | အမေရိကန် ဘိုးရင်းကုမ္ပဏီက ထုတ်လုပ်ပြီး အီဂျစ်နိုင်ငံတွင် အသုံးပြုလျက်ရှိနေသည့် |

| | | |
|---|---|---|
| | | AH-64D အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ်များ၏ အာရုံခံကိရိယာများ အဆင့်မြှင့်တင်ရန်အတွက် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဒေါ်လာ ၁၀၂ ဒသမ ၄ သန်းတန် ကန်ထရိုက်လုပ်ငန်းကို လော့ဟိမာတင် ကုမ္ပဏီသို့ အပ်နှံလိုက်ကြောင်း The Defense Post တွင် ဖော်ပြခဲ့သည်။ အဆိုပါ ဖော်ပြရေးသားချက်အရ လော့ဟိမာတင်ကုမ္ပဏီသည် အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်၏ ခေတ်မီပစ်မှတ်ရှာဖွေရေး ကိရိယာများ၊ ရဟတ်ယာဉ်မှူး ညကြည့် အာရုံခံကိရိယာစနစ် (M-TADS/PNVS) များကို အဆင့်မြှင့်တင် ပေးသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ အီဂျစ်နိုင်ငံမှ အပါချီရဟတ်ယာဉ် (၄၃) စင်းကို ပြန်လည် ပြင်ဆင်မွမ်းမံရန်အတွက် ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ အဆိုပြုလွှာတစ်ခုကို ၂၀၂၀ ပြည့်နှစ်၊ မေလအတွင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့သည်။ |
| | | ဗြိတိန်တော်ဝင်ရေတပ်မှ စစ်သင်္ဘောတစ်စီးနှင့် ရုရှားနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေး ရေငုပ်သင်္ဘောတစ်စီးတို့ အတ္တလန်တိတ် သမုဒ္ဒရာအတွင်း ထိတိုက်မှု ဖြစ်ပွားခဲ့ကြောင်း Express သတင်းဌာနက ဖော်ပြခဲ့သည်။ ဗြိတိန်စစ်သင်္ဘောသည် စကော့တလန်မြောက်ဘက် မိုင် ၂၀၀ ခန့် အကွာမှနေ၍ ရုရှားရေငုပ်သင်္ဘောကို ရှာဖွေနေခြင်းဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဖြစ်ရပ်သည် ၁၉၈၉ ခုနှစ်တွင် အဆုံးသတ်ခဲ့သည့် စစ်အေးကာလ ပြီးသည့်နောက် ဗြိတိန်တော်ဝင်ရေတပ် သင်္ဘောနှင့် ရုရှားရေငုပ်သင်္ဘောတို့ တိုက်မိခြင်းမှာ ပထမဦးဆုံးအကြိမ် ဖြစ်သည်။ |
| | | ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံက ကျူးကျော်တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများ လုပ်ဆောင်နေသည့် စွပ်စွဲပြောဆိုမှုများ ထွက်ပေါ်နေစဉ်အတွင်း လတ်ဗီးယားနိုင်ငံက ယူကရိန်းနိုင်ငံအား အဆင့်မြင့်စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း လတ်ဗီးယားကာကွယ်ရေးဝန်ကြီး အာတစ်ပါဘရစ်က ပြောကြားမှုကို The Defense Post တွင် ဖော်ပြခဲ့သည်။ ယူကရိန်းကို အကူအညီပေးမည့် စစ်လက်နက် ပစ္စည်းများအကြောင်း အသေးစိတ်ထုတ်ဖော်ပြောဆိုခြင်း မရှိသေးသော်လည်း လတ်ဗီးယားတပ်မတော်က ယူကရိန်းနိုင်ငံအတွက် လက်နက်ငယ်များ၊ ခဲယမ်းများ၊ တင့်ဖျက်လက်နက်များ၊ အပေါ့စား လေကြောင်းရန်ကာကွယ်ရေး လက်နက်များနှင့် တိုက်ခိုက်ရေးယာဉ် အမျိုးမျိုးတို့ကို အသင့်ပြင်ဆင်ထားကြောင်း သိရှိရသည်။ လတ်ဗီးယားနိုင်ငံသည် ယူကရိန်းနိုင်ငံကို စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ရုံသာမက စစ်သင်တန်းများနှင့် တိုက်ပွဲများတွင် ဒဏ်ရာရရှိခဲ့သော ယူကရိန်းတပ်ဖွဲ့ဝင်များ ပြန်လည်ထူထောင်ရေးတွင်လည်း ထောက်ပံ့ကူညီခဲ့သည်။ ယခုလအစောပိုင်းတွင် အက်စ်တိုးနီးယားနိုင်ငံကလည်း ယူကရိန်းနိုင်ငံအတွက် ဂျက်ဗလင် တင့်ဖျက်ဒုံးကျည်များ၊ ၁၂၂ မမ ဟောင်ဝစ်ဇာ အမြောက်များ ထောက်ပံ့သွားရန် စီစဉ်နေကြောင်း ကြေညာခဲ့သည်။ |
| | | တရုတ်နိုင်ငံ၏ စစ်ရေး၊ စီးပွားရေးများ အားစိုက်တိုးမြှင့်ဆောင်ရွက်နေစဉ်အတွင်း ဒေသတွင်း တည်ငြိမ်မှုကို အထောက်အကူ ပြုနိုင်စေရန် ဂျပန်နိုင်ငံနှင့် သြစတေးလျ နိုင်ငံတို့သည် နှစ်နိုင်ငံ စစ်ရေးဆက်ဆံမှုများကို မြှင့်တင်နိုင်မည့် သမိုင်းဝင် စာချုပ်တစ်ရပ်ကို ဇန်နဝါရီလ (၆) ရက်နေ့တွင် လက်မှတ်ရေးထိုးကြောင်း The Jakarta Post သတင်းဌာနတွင် ဖော်ပြရေးသားခဲ့သည်။ |
| ၈။ | ၈ - ၁ - ၂၀၂၂ | ကာဇက်စတန်နိုင်ငံတွင်းမှ ဆူပူအုံကြွမှုများကို နှိမ်နင်းရန်အတွက် ရုရှားသမ္မတ ဗလာဒီမီယာပူတင်က (ရုရှား၊ အာမေးနီးယား၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်တို့ ပါဝင်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံများ) |

| | | |
|---|---|---|
| | | မှ အထူးတပ်ဖွဲ့ဝင်များကို တိတ်တိတ်စေလွှတ်လျက်ရှိကြောင်း Mirror သတင်းဌာနတွင် ဖော်ပြခဲ့သည်။ ကာဇက်စတန်နိုင်ငံသို့ ရုရှားအထူးတပ်ဖွဲ့ဝင် ၂၅၀၀ စေလွှတ်ထားပြီး နောက်ထပ် အထူးတပ်ဖွဲ့ဝင် ၅၀၀၀ စေလွှတ်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။ ရုရှားတပ်ဖွဲ့ဝင်များကို လေယာဉ်အစင်း (၇၀) ကျော်နှင့် သယ်ယူခဲ့ပြီး ကာဇက်စတန်နိုင်ငံတွင်းသို့ စေလွှတ်လျက်ရှိကြောင်း သမ္မတပူတင်က ပြောဆိုခဲ့သည်။ ယင်း အထူးတပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများလက်မှ ပြန်လည်သိမ်းပိုက်ထားသော အယ်မာတီမြို့ လေဆိပ်ကို ထိန်းချုပ်နိုင်ရန် ကူညီသွားမည်ဖြစ်သည်။ |
| | | နေတိုးတပ်ဖွဲ့ဝင်များ တိုးချဲ့ချထားမှုကို ရပ်ဆိုင်းရန် ရုရှားနိုင်ငံ၏ တောင်းဆိုချက်ကို မလိုက်လျောနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့ (နေတိုး) မှ အရာရှိများက ဇန်နဝါရီလ (၇) ရက်နေ့က ပြောကြားလိုက်ကြောင်း The Hill သတင်းတွင် ဖော်ပြခဲ့သည်။ နေတိုးအဖွဲ့တွင်းသို့ အဖွဲ့ဝင်နိုင်ငံသစ်များ ထပ်မံလက်ခံခြင်းမပြုရန် တောင်းဆိုခဲ့သည့် ရုရှားနိုင်ငံကို ပြစ်တင်ပြောဆိုခဲ့သည်။ နေတိုးအဖွဲ့အနေဖြင့် ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း အဖွဲ့ဝင်များဖြစ်သော နိုင်ငံများတွင် စစ်ရေးအင်အားတိုးချဲ့ခြင်း မပြုရန်နှင့် ယင်းနိုင်ငံများတွင် စစ်အခြေစိုက်စခန်းများ တည်ဆောက်ခြင်းမပြုရန် ရုရှားသမ္မတ ဗလာဒီမီယာပူတင်နှင့် ရုရှားသံတမန်များက တောင်းဆိုခဲ့ပြီး သဘောတူစာချုပ်မူကြမ်းကို ဒီဇင်ဘာလအတွင်း အဆိုပြုခဲ့သည်။ |
| ၉။ | ၉ - ၁ - ၂၀၂၂ | ကာဇက်စတန်နိုင်ငံတစ်ဝန်း လုံခြုံရေးအခြေအနေ တည်ငြိမ်မှုရှိလာပြီး အခြေအနေ အရပ်ရပ်ကို ထိန်းချုပ်ထားနိုင်ပြီဟု ကာဇက်စတန်သမ္မတရုံး ဝက်ဘ်ဆိုက်က ဇန်နဝါရီ (၉) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ တရားဥပဒေစိုးမိုးရေးဌာနနှင့် လက်နက်ကိုင်တပ်ဖွဲ့များက ကာဇက်စတန်ပြည်တွင်း စနစ်တကျ ပြန်လည်လည်ပတ်နိုင်ရန်၊ ဒေသအသီးသီးတွင် အရေးပေါ်အခြေအနေ သတ်မှတ်ချက်များကို လိုက်နာမှုရှိစေရန် ဆောင်ရွက်လျက်ရှိပြီး မဟာဗျူဟာ အဆောက်အအုံများကို (CSTO) ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့သို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်ရှိတွင် အကြမ်းဖက်များကို ဆက်လက်ရှာဖွေ ဖမ်းဆီးလျက်ရှိပြီး သက်ဆိုင်ရာ စစ်ဆေးမှု၊ ပြစ်မှုသက်သေ စုဆောင်းမှုများ ပြုလုပ်နေသည်ဟု သိရှိရသည်။ ထိုမတိုင်မီ သိမ်းပိုက်ခံထားရသည့် အုပ်ချုပ်ရေး အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရယူနိုင်ခဲ့ပြီး အများပြည်သူဆိုင်ရာ အဆောက်အဦနေရာနှင့် ဆေးကုသမှုစနစ်များ ပြန်လည် လည်ပတ်နေပြီဖြစ်ကြောင်း Xinhua သတင်းဌာနတွင် ဖော်ပြခဲ့သည်။ |
| | | အိန္ဒိယသည် ပြည်တွင်းထုတ် လေယာဉ်တင်သင်္ဘော Vikrant ၏ တတိယအကြိမ် ပင်လယ်ပြင်စမ်းသပ်မောင်းနှင်မှုအား ယခုလ (၉) ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ Vikrant ကို ပြည်တွင်း သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ တစ်ခုဖြစ်သည့် Cochin Shipyard Limited မှ တည်ဆောက်ပေးခြင်းဖြစ်ပြီး အလျား ၂၆၂ မီတာနှင့် ဗျက် ၆၂ မီတာရှိပြီး ဝန်ပြည့်တန်ချိန် ၄၅၀၀၀ ခန့်၊ ခုတ်မောင်းမှု အမြင့်ဆုံးအမြန်နှုန်း 28 knots ဖြစ်ပြီး 18 knots အမြန်နှုန်းဖြင့် ခုတ်မောင်းပါက ရေမိုင် ၇၅၀၀ အကွာအဝေးထိ စစ်ဆင်နိုင်ကြောင်း Indian Express သတင်းတွင် ဖော်ပြထားသည်။ အရာရှိ (၁၆၀) နှင့် စစ်သည် ၁၄၀၀ ဦး တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး Mig-29K တိုက်လေယာဉ် များနှင့် Ka-31 ရဟတ်ယာဉ်များအပါအဝင် လေယာဉ်၊ ရဟတ်ယာဉ် အစင်း (၃၀) အထိ တင်ဆောင်နိုင်မည်ဖြစ်သည်။ အိန္ဒိယရေတပ်အနေဖြင့် လေယာဉ်တင် သင်္ဘောအသစ် Vikrant ပေါ် ထားရှိရန် Rafale (Dassault, France)၊ F-18 Super Hornet (Boeing, US)၊ MIG-29K |

| | | |
|---|---|---|
| | | (Russia) နှင့် Gripen (Saab, Sweden) လေယာဉ်များအကြား ရွေးချယ်မှုများ ပြုလုပ်လျက်ရှိသည်။ သင်္ဘောပေါ်တွင် တပ်ဆင်မည့် လက်နက်စနစ်များနှင့် အာရုံခံကိရိယာများကို ပြည်တွင်းထုတ် ပစ္စည်းများသာ အသုံးပြုမည်ဟု သိရသည်။ |
| ၁၀။ | ၁၀ - ၁ - ၂၀၂၂ | ဆော်ဒီတော်ဝင်ရေတပ်ဖွဲ့သည် ဂျော်ဒန်၊ အီဂျစ်နိုင်ငံတို့ဖြင့် ပူးတွဲလေ့ကျင့်သည့် ပဌမအကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်ခဲ့ကြောင်း ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်ဟု Arab News တွင် ဖော်ပြခဲ့သည်။ စစ်ရေးလေ့ကျင့်မှုကို “Safe-Beach 5” ဟု အမည်ပေးထားရှိပြီး ဇန်နဝါရီလ (၁၃) ရက်နေ့အထိ ကျင်းပခဲ့သည်။ လေ့ကျင့်မှုများကို ဆော်ဒီအာရေးဗီးယားနိုင်ငံ အရှေ့ပိုင်းရေတပ်အုပ်စုနှင့်အတူ ပူးတွဲဆောင်ရွက်ခဲ့သည်။ ပူးပေါင်းတပ်ဖွဲ့များ၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် တိုက်ခိုက်ရေးစွမ်းရည်တို့ကို မြှင့်တင်ရန်၊ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ တပ်များ စုစည်းထားသည့် နယ်မြေအတွင်း တိုက်ခိုက်ရေး ကျွမ်းကျင်မှုချင်း ဖလှယ်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆော်ဒီတော်ဝင်ရေတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး အလီအယ်လ်ရှာရီက ပြောခဲ့သည်။ |
| | | ကာဇက်စတန်နိုင်ငံတွင် ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာပြီးနောက် နိုင်ငံတည်ငြိမ်အောင်လာရောက်ကူညီသည့် စုပေါင်းလုံခြုံရေးစာချုပ် (CSTO) အဖွဲ့ဝင်နိုင်ငံများဖြစ်သော ရုရှား၊ ဘယ်လာရုစ်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ်စတန်နှင့် အာမေးနီးယန်းနိုင်ငံတို့မှ တပ်ဖွဲ့ဝင် အချို့သည် ကာဇက်စတန်နိုင်ငံတွင်း ကာလကြာရှည် နေထိုင်သွားမည်ဟု မထင်ကြောင်း ကာဇက်စတန်သမ္မတ ကက်ဆန်ဂျိုးမတ်တိုကာယက်ဗ်၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုချက်ကို Intelli News တွင် ရေးသားဖော်ပြခဲ့သည်။ |
| | | တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်း ထုတ်လုပ်သည့် LIG Nex 1 ကုမ္ပဏီသည် Sea Sword-II USV (Unmanned surface Vessel) အား အောင်မြင်စွာ စမ်းသပ်မောင်းနှင်နိုင်ခဲ့ကြောင်း Naval News သတင်းတွင် ဖော်ပြခဲ့သည်။ ယင်း မောင်းသူမဲ့ရေယာဉ်သည် ပင်လယ်ပြင်လှိုင်း ၂ ဒသမ ၅ မီတာ အမြင့်အထိ တာဝန်ထမ်းဆောင်နိုင်ပြီး ရေကြောင်းကင်းထောက်ခြင်း အပါအဝင် လိုအပ်လျှင် အနီးကပ်တိုက်ခိုက်ရေး တာဝန်များကိုပါ ထမ်းဆောင်နိုင်ကြောင်း သိရသည်။ Sword-II USV သည် ရေပေါ်/ရေအောက် ပစ်မှတ်များအား ထောက်လှမ်းနိုင်ပြီး မိုင်းတန်ပြန်စစ်ဆင်ရေးတွင် အသုံးပြုနိုင်သည့် တောင်ကိုရီးယား ပြည်တွင်းနည်းပညာသုံး မောင်းသူမဲ့ရေယာဉ် အမျိုးအစား ဖြစ်သည်။ |
| | | ကာဇက်စတန်နိုင်ငံတွင်း ဆူပူအုံကြွမှုများကို ထိန်းသိမ်းရန် ရုရှားဦးဆောင်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သော်လည်း အဆိုပါအဖွဲ့များသည် ကာဇက်စတန်နိုင်ငံတွင်း အချိန်အကန့်အသတ်တစ်ခုသာ တည်ရှိနေမည်ဟု ရုရှားသမ္မတ ဗလာဒီမီယာပူတင်က ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း The Defense Post သတင်းတွင် ရေးသားဖော်ပြခဲ့သည်။ |
| ၁၁။ | ၁၁ - ၁ - ၂၀၂၂ | ရုရှားဦးဆောင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကာဇက်စတန်နိုင်ငံတွင်းမှ နှစ်ရက်အတွင်း ပြန်လည်ထွက်ခွာသွားတော့မည်ဖြစ်ကြောင်းနှင့် တပ်ဆုတ်ခွာမှုသည် (၁၀) ရက်ထက် မပိုနိုင်ကြောင်း သမ္မတ ကတ်ဆန်ဂျိုးမတ်တိုကာယက်ဗ်က ပြောကြားခဲ့သည်ကို The Moscow Times သတင်းတွင် ဖော်ပြရေးသားခဲ့သည်။ |
| | | ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံက ကျူးကျော်တိုက်ခိုက်မည့်အရေးကို စိုးရိမ်ပူပန်နေသည့်အချိန်တွင် ဗြိတိန်နိုင်ငံက ၎င်းတို့အနေဖြင့် ကျူးကျော်ရန်စသူများကို ခုခံသွားမည်ဖြစ်ကြောင်းနှင့် အဆိုးရွားဆုံး အခြေအနေများအတွက် မဟာမိတ်နိုင်ငံများက အသင့်ပြင် |

| | | |
|---|---|---|
| | | ဆင်ထားရလိုကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး၏ ပြောဆိုချက်ကို Independent သတင်းတွင် ဖော်ပြခဲ့သည်။ အနောက်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့ ထိပ်တိုက်တွေ့ဆုံနေချိန်တွင် မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်စွမ်း မရှိသူများကို ကာကွယ်ရန် နည်းလမ်းများ ရှာဖွေရာတွင် နယ်မြေအပိုင်းအခြား အကွာအဝေးဆိုသည်မှာ ဗြိတိန်အတွက် အဟန့်အတား မဟုတ်ကြောင်း ဖောက်ကလန်ကျွန်းစစ်ပွဲ အနှစ် (၄၀) မြောက် အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီး ဘန်းဝေါလေ့စ်က ပြောဆိုခဲ့သည်။ |
| | | ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့သည့် အမေရိကန် – ရုရှားနိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲအသစ်တစ်ခုမှာ သံတမန်ရေးရာအရပင် သဘောတူညီမှု ရလဒ်တစ်စုံတစ်ရာ မရရှိဘဲ ပြီးဆုံးသွားခဲ့ကြောင်း Xinhua သတင်းတွင် ဖော်ပြခဲ့သည်။ ဆွေးနွေးမှုအတွင်း အမေရိကန်အနေဖြင့် ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာနေမှုများကို သံခင်းတမန်ခင်းနည်းဖြင့် လျော့ချရန် ရည်ရွယ်ကြောင်း ပြောဆိုခဲ့သည်။ ရုရှားဘက်ကမူ လုံခြုံရေးအာမခံချက်ပေးသော တွေ့ဆုံဆွေးနွေးမှုများဖြစ်ရန် မျှော်လင့်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ |
| | | ရုရှား – ယူကရိန်းအရေး ဆွေးနွေးညှိနှိုင်းမှုများ ပျက်ပြားသွားပါက ဥရောပတွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် လက်နက်ကိုင် ပဋိပက္ခများအတွက် အမေရိကန် ဦးဆောင်သော နေတိုးတပ်ဖွဲ့များအနေဖြင့် အသင့်ရှိနေကြောင်း နေတိုးအဖွဲ့ အတွင်းရေးမှူး ဂျန်းဆော့လ်တန်းဘာ့ဂ်က ပြောဆိုခဲ့သည်ဟု The Defense Post တွင် ဖော်ပြခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းကို ထပ်မံကျူးကျော် တိုက်ခိုက်မှုများ လုပ်ဆောင်လာပါက တန်ဖိုးကြီးကြီးမားမား ပြန်လည်ပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးပြောဆိုခဲ့သည်။ အမေရိကန်အနေဖြင့် ဥရောပဒေသတွင် ခေတ်မီလက်နက်များ တပ်ဖြန့်ချထားပါက စစ်ရေးအရ တုံ့ပြန်မှုကို အနာဂတ်ကာလတွင် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရတ်ဘ်ကော့ဗ်က အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝင်ဒီအာရှားမင်းကို ပြောကြားခဲ့သည်။ |
| | | ရုရှားနိုင်ငံသည် ဇန်နဝါရီ (၁၁) ရက်နေ့တွင် ယူကရိန်းနယ်စပ်အနီးတွင် စစ်သည်များ၊ တင့်ကားများနှင့်အတူ ကျည်အစစ်များ အသုံးပြုခဲ့သည့် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ယင်း စစ်ရေးလေ့ကျင့်မှုသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ၌ ယူကရိန်းနယ်စပ်မှ ရုရှားစစ်သည် ၁၀၀၀၀၀ ခန့်ကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန်က တောင်းဆိုခဲ့ပြီးနောက် တစ်ရက်အကြာ ရုရှားအနောက်တောင်ပိုင်း ဒေသလေးခုတွင် စစ်သည် ၃၀၀၀ ခန့် ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ |
| ၁၂။ | ၁၂ – ၁ – ၂၀၂၂ | တစ်ကမ္ဘာလုံးတွင် Omicron နှင့် အခြားသော ကိုဗစ်မျိုးကွဲသစ်များ ကူးစက်ပျံ့နှံ့မှုကြောင့် နေးကွေးကျဆင်းနေသည့် ကမ္ဘာ့စီးပွားရေးသည် ပို၍ အခြေအနေဆိုးသွားစေနိုင်သည့် အန္တရာယ်ရှိနေကြောင်း၊ အထူးသဖြင့် ဆင်းရဲချို့တဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုထိခိုက်နိုင်ပြီး ဝင်ငွေမညီမျှမှုများ ဆိုးရွားလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က သတိပေးချက် ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့ဘဏ်၏ နှစ်ဝက်အစီရင်ခံစာတွင် အမေရိကန်၊ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးကျဆင်းမှုများကို တွက်ချက်ဖော်ပြထားပြီး၊ ကြွေးမြီမြင့်တက်မှု၊ ဝင်ငွေမညီမျှမှုများနှင့် ကိုဗစ်မျိုးကွဲသစ်များ ပျံ့နှံ့မှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ခြိမ်းခြောက်နေသည့် အန္တရာယ်များကိုလည်း ထည့်သွင်းဖော်ပြခဲ့ သည်။ |
| | | ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန် ထောက်ခံခဲ့သည့် |

| | | |
|---|---|---|
| | | အစိုးရ ပြိုကွဲပြီးနောက် အိမ်နီးချင်းနိုင်ငံများဆီသို့ လေယာဉ်မှူးများက မောင်းနှင်ထွက်ပြေးသွားသည့် လေတပ်လေယာဉ်များနှင့် ရဟတ်ယာဉ်များကို ပြန်လည်ပေးအပ်ရန် ဥဇဘက်ကစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံများထံ တာလီဘန်အစိုးရက တောင်းဆိုခဲ့သည်။ အာဖဂန်နိုင်ငံမှ စစ်လေယာဉ်များကို သိမ်းယူခြင်း၊ အသုံးပြုခြင်း စသည်တို့ကို ခွင့်ပြုပေးနိုင်မည် မဟုတ်ဟု တာလီဘန်ကာကွယ်ရေးဝန်ကြီး Mohammad Yaqoob က ကဘူးလ်မြို့တော်တွင် ပြုလုပ်ခဲ့သည့် လေတပ်အခမ်းအနားတွင် ပြောဆိုခဲ့သည်။ အာဖဂန်ကို တာလီဘန်တို့ မသိမ်းပိုက်ခင် ရက်ပိုင်းအလိုတွင် အမေရိကန် လေ့ကျင့်ပေးထားသည့် အာဖဂန်လေတပ် လေယာဉ်မှူးများက ၎င်းတို့၏ မိသားစုများ ဘေးကင်းရေးအတွက် ဥဇဘက်ကစ္စတန်သို့ လေယာဉ် (၄၀) ကျော်ဖြင့် ထွက်ပြေးခဲ့ကြသည်။ အဆိုပါ လေယာဉ်များတွင် A-29 အသေးစားတိုက်ခိုက်ရေး လေယာဉ်များနှင့် Black Hawk ရဟတ်ယာဉ်များလည်း ပါဝင်ကြောင်း သိရှိရသည်။ |
| | | အမေရိကန်၏ Virginia အတန်းစား နျူကလီယားစွမ်းအင်သုံး တိုက်ခိုက်ရေး ရေငုပ်သင်္ဘော (SSN) USS Missouri သည် ဂျပန်နိုင်ငံ Yokosuka သို့ ရေကြောင်းဆိုင်ရာကိစ္စအတွက် အလည်အပတ်ခရီး ရောက်ရှိနေကြောင်းကို Navy Recognition သတင်းတွင် ဖော်ပြထားသည်။ |
| | | မြောက်ကိုရီးယား နိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းနှင့် အခြား ထိပ်တန်းခေါင်းဆောင်များ၏ ကြီးကြပ်မှုဖြင့် နောက်ဆုံးပေါ် အသံထက်မြန်သော "ဟိုက်ပါဆိုးနစ် (Hypersonic) ဒုံးကျည်" စမ်းသပ်မှုကို ဇန်နဝါရီလ (၁၁) ရက်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း Korean Central News Agency က ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ဖော်ပြခဲ့သည်။ နည်းဗျူဟာမြောက် ဒုံးကျည်တစ်စင်းကို နိုင်ငံအနောက်ပိုင်းရှိ ကာကွယ်ရေးသိပ္ပံအကယ်ဒမီမှ စမ်းသပ်ပစ်လွှတ်ခဲ့ပြီး အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်ရှိ ပစ်မှတ်ကျွန်းပေါ် တိကျစွာထိမှန်ခဲ့ကြောင်း KCNA သတင်းဌာနက ကြေညာခဲ့သည်။ |
| ၁၃။ | ၁၃ - ၁ - ၂၀၂၂ | လောင်စာဆီဈေးနှုန်းတက်ခြင်းကို အကြောင်းပြု၍ ဆန္ဒပြမှုများမှတစ်ဆင့် ဖြစ်ပေါ်လာသော ဆူပူအုံကြွမှုများကို ကိုင်တွယ်ထိန်းချုပ်ရန် ရုရှားဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို ကာဇက်စတန်နိုင်ငံသို့ စေလွှတ်ခဲ့သော်လည်း တပ်ဖွဲ့ဝင်အင်အား ၂၀၀၀ ကျော်သည် ကာဇက်စတန်နိုင်ငံမှ စတင်ဆုတ်ခွာနေပြီဖြစ်ကြောင်း ရုရှားအစိုးရက ဇန်နဝါရီလ (၁၃) ရက်တွင် ထုတ်ပြန်ခဲ့သည်။ |
| | | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၅ ဘီလီယံ တန်ကြေးရှိ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ် ယူနစ်ငါးခုကို ရုရှားနိုင်ငံထံမှ ဝယ်ယူသွားရန် လက်မှတ်ရေးထိုးခဲ့သည်။ ရုရှား၏ လက်နက်များ ဝယ်ယူအသုံးပြုခြင်းကြောင့် အမေရိကန်က စီးပွားရေးအရေးယူပိတ်ဆို့မှုဥပဒေ (CAATSA) ပါ ပြဋ္ဌာန်းချက်များအရ အိန္ဒိယနိုင်ငံကို စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ သတ်မှတ်ပြဋ္ဌာန်းရေး ချမှတ်မည်/ မချမှတ်မည်ကို သမ္မတ ဘိုင်ဒန်အစိုးရက ရှင်းလင်းစွာ ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ အမေရိကန်အနေဖြင့် CAATSA အရ အရေးယူမှု လုပ်ဆောင်ရေးတွင် အိန္ဒိယ၏ ပထဝီအရမဟာဗျူဟာမြောက် အချက်အလက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း The Hindu သတင်းဌာနတွင် ရေးသားခဲ့သည်။ ရုရှားနိုင်ငံထံမှ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ် ဝယ်ယူခဲ့ခြင်းကြောင့် တူရကီနိုင်ငံအား CAATSA ဥပဒေအရ အမေရိကန်နိုင်ငံက စီးပွားရေး အရေးယူပိတ်ဆို့ခဲ့သည်။ |
| | | ရုရှားနိုင်ငံ NPO Androidnaya Tekhnika သုတေသနအင်စတီကျုက Marker အမည်ရှိ |

| | | |
|---|---|---|
| | | မြေပြင်တိုက်ခိုက်ရေးစက်ရုပ်ကို အဆင့်မြှင့်တင်လိုက်ကြောင်း အမှုဆောင်ဒါရိုက်တာ Evgeny Dudorov က ပြောဆိုခဲ့သည်။ လပေါင်းများစွာကြာ အဆင့်မြှင့်တင်ခဲ့သည့် Marker စက်ရုပ်သည် အခြားသော မြေပြင်စက်ရုပ်များနှင့် အလိုအလျောက် ဆက်သွယ်နိုင်စွမ်း မြင့်တက်လာခဲ့ကြောင်း The Defense Post တွင် ဖော်ပြခဲ့သည်။ ယင်း စက်ရုပ်တွင် ဒရုန်းများကို ကြားဖြတ်နှောင့်ယှက်နိုင်သည့် Anti-drone Electronic Jamming Capability လက်နက်နှင့် ရန်သူ့ကျူးကျော်ဝင်ရောက်မှုကို သတိပေးနိုင်မည့် Audio System ကိုလည်း တပ်ဆင်သွားမည်ဖြစ်ကြောင်း အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ တစ်စောင်အရ သိရှိရသည်။ |
| ၁၄။ | ၁၄ - ၁ - ၂၀၂၂ | အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စု နိုင်ငံများနှင့် ဆက်ဆံရေး တင်းမာလာပါက ကျူးဘားနှင့် ဗင်နီဇွဲလားနိုင်ငံတွင် တပ်ဖြန့်ချထားမှုများကို လျော့ချလိမ့်မည် မဟုတ်ဟု ရုရှားထိပ်တန်း သံတမန်တစ်ဦးက ပြောကြားခဲ့ကြောင်း TRT World သတင်းတွင် ဖော်ပြခဲ့သည်။ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက ရုရှားနိုင်ငံ၏ တောင်းဆိုချက်များကို မလိုက်လျောပါက သတ်မှတ်မထားသော စစ်ရေးနည်းပညာများအရ အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ဟု သမ္မတပူတင်၏ သတိပေးစကားကို ကိုးကား၍ ရုရှားရုပ်သံ RTVI နှင့် အင်တာဗျူးတစ်ခုတွင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရတ်ဘ်ကော့ဗ်က ပြောကြားခဲ့သည်။ |
| | | တူရကီနိုင်ငံသည် ဟာဂျက်အပေါ့စားတိုက်လေယာဉ်များကို အများအပြား ထုတ်လုပ်တော့မည်ဖြစ်ကြောင်း တူရကီအစိုးရပိုင် Anadolu သတင်းဌာနက ဇန်နဝါရီလ (၁၂) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ အမောင်းသင် ဂျက်လေယာဉ်အဖြစ် မူလဒီဇိုင်းရေးဆွဲထားသော ဟာဂျက်တိုက်လေယာဉ်သည် ခေတ်မီအီလက်ထရောနစ် ကိရိယာများနှင့် တိုက်ပွဲဝင်နိုင်ရန်အတွက် စွမ်းရည်မြင့်အစိတ်အပိုင်းများ တပ်ဆင်ပြီး ဖြစ်သည်။ ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည်များကို သယ်ဆောင်နိုင်ပြီး စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်စစ်ဆင်ရေးများတွင် သုံးနိုင်သည်။ ဟာဂျက်တိုက်လေယာဉ်ကို တူရကီ၏ T-38 အမောင်းသင် လေယာဉ်အုပ်နေရာတွင် အစားထိုးသွားမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်ရရှိရေး မျှော်မှန်းကာ ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားကြောင်း သိရှိရသည်။ |
| ၁၅။ | ၁၅ - ၁ - ၂၀၂၂ | ရုရှားသည် ယူကရိန်းနိုင်ငံကို အချိန်မရွေး ဝင်ရောက်တိုက်ခိုက်ရန်အတွက် အဆင်သင့်ဖြစ်နေပြီး ပူတင်အနေဖြင့် နေတိုးအဖွဲ့နှင့် ဥရောပသမဂ္ဂတို့၏ သဘောထားကွဲလွဲမှုများကို အခွင့်ကောင်းယူကာ သွေးခွဲသွားနိုင်ကြောင်း အမေရိကန် လွှတ်တော်အမတ်များနှင့် စောင့်ကြည့်လေ့လာသူများက ပြောဆိုခဲ့ကြောင်း Gazette သတင်းတွင် ဖော်ပြခဲ့သည်။ သမ္မတပူတင်အနေဖြင့် ယူကရိန်းဝန်းကျင်တွင် ရုရှားတပ်များ အင်အားအလုံးအရင်း စုဖွဲ့ထားသည်မှာ နေတိုးမဟာမိတ်အဖွဲ့ကို ဖြိုခွင်းချင်ပုံရကြောင်း အမေရိကန်ထိပ်တန်း အရာရှိများက ပြောဆိုခဲ့သည်။ |
| | | မြောက်ကိုရီးယားနိုင်ငံသည် အနာဂတ်ကာလခြိမ်းခြောက်မှုများအတွက် တန်ပြန် တိုက်ခိုက်နိုင်ရန် ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားသည့် ရထားလမ်းအခြေပြု တတိယမြောက် ဒုံးကျည်နှစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း အစိုးရပိုင် KCNA သတင်းဌာနက ထုတ်ပြန်ခဲ့သည်။ အရှေ့မြောက်ဒေသ ပြောင်ဂန်ပြည်နယ် မြောက်ပိုင်းတွင် ဇန်နဝါရီလ (၁၄) ရက်နေ့က တာတိုပစ် ပဲ့ထိန်းဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်ခတ်ခဲ့သည်ကို ခြေရာခံစုံစမ်းသိရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံမှ ပူးတွဲစစ်ဦးစီးချုပ်များ အကြီးအကဲကလည်း |

| | | |
|---|---|---|
| | | ပြောဆိုသည်ကို The Guardian သတင်းတွင် ဖော်ပြခဲ့သည်။ ယင်းဒုံးကျည် စမ်းသပ်မှုသည် မြောက်ကိုရီးယားကို အရေးယူဒဏ်ခတ်ရန် ကုလသမဂ္ဂအဖွဲ့ထံ အမေရိကန်နိုင်ငံက တောင်းဆိုမှု လုပ်ဆောင်ပြီးနောက် နာရီပိုင်းအတွင်း စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။ |
| | | ထိုင်ဝမ်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး လက်နက်စွမ်းရည်များကို မြှင့်တင်နိုင်ရန်အတွက် အမေရိကန်ထံမှ ပက်ထရီယော့ III ဒုံးကျည်များ ထပ်မံဝယ်ယူရန် ထိုင်ဝမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ပက်ထရီယော့ဒုံးကျည်များ ဝယ်ယူမည့် အစီအစဉ်သည် ၂၀၂၅ ခုနှစ် (သို့) ၂၀၂၆ ခုနှစ်လောက်တွင် ဖြစ်နိုင်ဖွယ်ရှိကြောင်း Taiwan News သတင်းဌာနက ဖော်ပြခဲ့သည်။ တစ်ပြိုင်တည်းမှာပင် နိုင်ငံပိုင် ပက်ထရီယော့ဒုံးကျည်များ နောက်ဆက်တွဲ ပြုပြင်ထိန်းသိမ်းနိုင်ရန်အတွက် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနသည် ထိုင်ဝမ်အခြေစိုက် အမေရိကန်အင်စတီကျူနှင့် လက်မှတ်ရေးထိုးခဲ့သည်။ |
| ၁၆။ | ၁၆ - ၁ - ၂၀၂၂ | ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၆၂၀ ကျော် တန်ဖိုးရှိ ဘလက်ဟော့ရဟတ်ယာဉ် (၃၂) စင်းကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးက ပြောဆိုခဲ့သည်။ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီထံမှ ဝယ်ယူမည့် S-70i ဘလက်ဟော့ရဟတ်ယာဉ် (၃၂) စင်းမှ ပထမအသုတ်အနေဖြင့် (၅) စီးသည် လာမည့်နှစ်အတွင်း ရောက်ရှိလာမည် ဖြစ်သည်။ ၂၀၂၄ တွင် (၁၀) စီး၊ ၂၀၂၅ တွင် (၁၀) စီးနှင့် ၂၀၂၆ တွင် (၇) စီး အသီးသီး လက်ခံရရှိမည် ဖြစ်သည်။ အဆိုပါ ရဟတ်ယာဉ်များကို လူသားချင်းစာနာထောက်ထားမှုအကူအညီ လုပ်ငန်းများနှင့် ဘေးအန္တရာယ်တုံ့ပြန်မှု လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ |
| | | ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကာဇက်စတန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အဓိကရုဏ်းများတွင် လုံခြုံရေးတပ်ဖွဲ့ဝင် (၁၉) ဦး အပါအဝင် လူပေါင်း (၂၂၅) ယောက် သေဆုံးခဲ့ရကြောင်း အစိုးရရှေ့နေရုံး အကြီးအကဲ Serik Shalabayev က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ပြောဆိုခဲ့သည်။ |
| | | အာဖဂန်နစ္စတန်တွင် တာလီဘန်တို့ အာဏာရလာခဲ့ပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်းအဖွဲ့ဝင်များ၏ သစ္စာစောင့်သိမှုများကို လေ့လာဆန်းစစ်နေသည့်အချိန်တွင် အဖွဲ့ဝင် ၃၀၀၀ ခန့်ကို အာဏာအလွဲသုံးစားမှု စွဲချက်များဖြင့် ထုတ်ပယ်ခဲ့ကြောင်း တာလီဘန်အရာရှိတစ်ဦးက ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ပြောကြားခဲ့သည်။ “စည်းကမ်းချိုးဖောက်တဲ့ အဖွဲ့ဝင်တွေဟာ အစ္စလာမ့်စ်စော်ဘွားနိုင်ငံအတွက် နာမည်ပျက်စေပါတယ်။ အဖွဲ့အစည်းအပေါ်မှာ သစ္စာစောင့်သိမှုရှိ၊ မရှိဆိုတာကို လေ့လာဆန်းစစ်ပြီး ထုတ်သင့်တဲ့ အဖွဲ့ဝင်တွေကို ထုတ်ပယ်ခဲ့ပါတယ်။ အဲဒါမှ အနာဂတ်မှာ သန့်ရှင်းတဲ့ စစ်တပ်နဲ့ ရဲတပ်ဖွဲ့ကို ကျွန်တော်တို့ ထူထောင်နိုင်မှာ ဖြစ်ပါတယ်” ဟု ကာကွယ်ရေး ဝန်ကြီးဌာနမှ သစ္စာစောင့်သိမှု ရှိ၊ မရှိ လေ့လာဆန်းစစ်သည့် ကော်မရှင်အကြီးအကဲ လက်တီဖူလာဟာကီမီက AFP သတင်းဌာနကို ပြောကြားခဲ့သည်။ လက်ရှိအချိန်အထိ အဖွဲ့ဝင် ၂၈၄၀ ခန့်ကို ထုတ်ပယ်ခဲ့ပြီးဖြစ်သည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ |
| ၁၇။ | ၁၇ - ၁ - ၂၀၂၂ | ကိုဗစ်ရောဂါ ကူးစက်ခံထားရသည့် လူနာများကို ကုသရာတွင် အသုံးပြုရန်အတွက် ဆေးသစ် (၂) မျိုးကို WHO က ထောက်ခံချက် ပေးခဲ့သည်။ အသစ်တိုးလာသည့် ဆေးဝါး (၂) မျိုးတွင် သောက်ဆေးအဖြစ် Baricitinib နှင့် Sotrovimab ခေါ် Monoclonal Antibody ပဋိဇီဝဆေးကို လိုအပ်ချက်အရ အသုံးပြုနိုင်ရန် WHO က ထောက်ခံချက် ပေးခဲ့ခြင်း ဖြစ်သည်။ |

| | | |
|---|---|---|
| | | ARSA အဖွဲ့ခေါင်းဆောင် Ataullah Abu Ammar Jununi နှင့် ညီအစ်ကိုတော်စပ်သည့် Mohammad Shah Ali ကို ကော့ဇ်ဘဇားအနီးတွင် မူးယစ်ဆေးဝါး၊ လက်နက်များနှင့် အတူ ဖမ်းဆီးရမိခဲ့သည့်အပြင် ပြန်ပေးဆွဲထားသူ တစ်ဦးကိုလည်း ကယ်တင်နိုင်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အထူးရဲတပ်ဖွဲ့က ထုတ်ပြန်သည်။ ARSA လက်နက်ကိုင်အဖွဲ့သည် နိုင်ငံရေး အတိုက်အခံများအား လုပ်ကြံမှု၊ မူးယစ်ဆေးဝါး မှောင်ခိုမှု၊ ဒုက္ခသည်စခန်းများအတွင်း အကြောက်တရားလွှမ်းမိုးအောင် လှုံ့ဆော်မှုများ လုပ်ဆောင်ခဲ့သည်။ |
| ၁၈။ | ၁၈ – ၁ – ၂၀၂၂ | ယူကရိန်းနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ ကျူးကျော်ရန်စမှုများကို ဟန့်တားသည့် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဗြိတိန်နိုင်ငံက တပ်ဖွဲ့ဝင်အချို့နှင့် နည်းပညာအဆင့်မြင့် လက်နက်များကို ယူကရိန်းနိုင်ငံသို့ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ပေးပို့ခဲ့ကြောင်း The Guardian သတင်းတွင် ဖော်ပြခဲ့သည်။ ပေးပို့ခဲ့သည့် စစ်လက်နက်ပစ္စည်းများထဲတွင် နေတိုးအဖွဲ့ဝင်နိုင်ငံများ အသုံးပြုနေသော AT4 84mm တင့်ဖျက်လက်နက်ကဲ့သို့သော ပခုံးထမ်းဒုံးကျည်များလည်း ပါဝင်သည်။ |
| | | အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စက်အက်စ် ကားလ်ဗင်ဆန် တိုက်ခိုက်ရေးသင်္ဘောအုပ်စု (VINCSG) နှင့် အက်ဆက်စ်ကုန်းရေနှစ်သွယ်သွား တိုက်ခိုက်ရေးအုပ်စု (ESX ARG) တို့ ပူးပေါင်း၍ စစ်ရေးလေ့ကျင့်မှုကို တောင်တရုတ်ပင်လယ်တွင် ဇန်နဝါရီလ (၁၆) ရက်နေ့က ပြုလုပ်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုတွင် တိုက်ခိုက်ခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ လူ/လက်နက်ခဲယမ်း၊ စစ်လက်နက် ပစ္စည်းများ အစားထိုးလှဲလှယ်ခြင်း၊ ဖြည့်တင်းခြင်း လေ့ကျင့်မှုများနှင့် စစ်ရေးလေ့ကျင့်ခန်းဖွဲ့စည်းခြင်း/ ရေကြောင်းသွားလာမှုဆိုင်ရာ လေ့ကျင့်မှုများပါ ပါဝင်ခဲ့ကြောင်း The Defense Post တွင် ရေးသားခဲ့သည်။ |
| | | အွန်လိုင်းမှ ကျင်းပခဲ့သည့် ဒါဗို့စ်ညီလာခံ၌ ကမ္ဘာ့ခေါင်းဆောင်များကို မိန့်ခွန်းပြောကြားရာတွင် တရုတ်သမ္မတ ရှီကျင်းပင်က အင်အားကြီးနိုင်ငံများအကြား ထိပ်တိုက်တွေ့ခြင်းသည် ကြီးမားသော အကျိုးဆက်များကို ဖြစ်စေနိုင်ကြောင်း သတိပေး ပြောဆိုခဲ့သည်။ “ဒီနေ့ခေတ် ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးဟာ တည်ငြိမ်အေးချမ်းမှုနဲ့ အလှမ်းကွာဝေးနေပြီး အပြန်အလှန် အပြစ်တင် ပြောဆိုမှုတွေကြောင့်လည်း အမုန်းတရားတွေ၊ မလိုမုန်းထားမှုတွေနဲ့ ပြည့်နှက်လာခဲ့ပါတယ်” ဟု သမ္မတ ရှီကျင်းပင်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည်။ |
| | | ယူကရိန်းနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းမပြုရန် ရုရှားနိုင်ငံအား တူရကီသမ္မတ အာဒိုဂန်က သတိပေးပြောဆိုခဲ့ကြောင်း The Moscow Times သတင်းတွင် ရေးသားခဲ့သည်။ တူရကီသမ္မတ အာဒိုဂန်အနေဖြင့် တင်းမာမှုများ မြင့်တက်လာသည့် အရေးနှင့်ပတ်သက်၍ ရုရှားသမ္မတပူတင်နှင့် ဆွေးနွေးသွားရန် ရည်ရွယ်ထားကြောင်း တူရကီသတင်းများတွင် ဖော်ပြကြသည်။ ပြီးခဲ့သည့် နှစ်အကုန်တွင် တူရကီသည် ယူကရိန်းသို့ တိုက်ခိုက်ရေးဒရုန်းများ ထောက်ပံ့ပေးအပ်မှု လုပ်ဆောင်ခဲ့သည်။ ယင်း ဒရုန်းများသည် လစ်ဗျားနိုင်ငံမှ ပဋိပက္ခများနှင့် နာဂါနို – ကရာဘက်ဒေသမှ အဇာဘိုင်ဂျန် ခွဲထွက်ရေးဝါဒီများ၏ တိုက်ပွဲများတွင် အဓိက အခန်းကဏ္ဍမှပါဝင်ခဲ့သော စစ်လက်နက်ပစ္စည်းများဖြစ်ကြောင်း Times of Israel သတင်းတွင် ရေးသားခဲ့သည်။ |
| ၁၉။ | ၁၉ – ၁ – ၂၀၂၂ | ဘယ်လာရုစ်နိုင်ငံတွင် စစ်ရေးလေ့ကျင့်ရန်အတွက် ရောက်ရှိနေသော ရုရှားတပ်များအနေဖြင့် ဘယ်လာရုစ်တွင် အမြဲတမ်းစခန်းချနေထိုင်သွားပြီး နျူလက်နက်များတပ်ဖြန့်ချထားမည်ကို အမေရိကန်က စိုးရိမ်ပူပန်နေကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး |

| | | |
|---|---|---|
| | | ဌာန ထိပ်တန်းအရာရှိတစ်ဦး၏ ပြောဆိုမှုကို The Defense Post သတင်းဌာနတွင် ဖော်ပြခဲ့သည်။ လာမည့်လအတွင်း ရုရှား – ဘယ်လာရုစ် နှစ်နိုင်ငံ ပူးတွဲ စစ်ရေးလေ့ကျင့်သွားမည် ဖြစ်ကြောင်း ဘယ်လာရုစ်သမ္မတ အလက်ဇန္ဒားလူကာရှန့်ကိုက ကြေညာချက်ထုတ်ပြန်လိုက်ပြီးနောက်တွင် ရုရှားတပ်များသည် ဘယ်လာရုစ်နိုင်ငံအတွင်းသို့ ချီတက်နေရာယူမှုများ လုပ်ဆောင်ခဲ့သည်။ |
| | | ယူကရိန်းနယ်စပ်တစ်လျှောက် ရုရှားတပ်များ အင်အားအလုံးအရင်းစုဖွဲ့မှုသည် တပ်ဖွဲ့ဝင်အင်အား ၁၂၇၀၀၀ ကျော် ရှိသွားပြီဖြစ်ပြီး အင်အားစုဖွဲ့မှု ပြီးစီးသည့် အနေအထားရောက်ရှိနေသည့်အတွက် မကြာမီကာလအတွင်း ဝင်ရောက်ကျူးကျော် တိုက်ခိုက်မည့်အရေးကို ယူကရိန်းနိုင်ငံက စိုးရိမ်ပူပန်နေကြောင်း CNN သတင်းဌာနက ဖော်ပြခဲ့သည်။ |
| | | ယခုနှစ်အတွင်း မြောက်ကိုရီးယား၏ စတုတ္ထအကြိမ်မြောက် ဒုံးကျည်စမ်းသပ်မှု အပြီးတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တံခါးပိတ်ပြုလုပ်မည့် အစည်းအဝေးသစ် ခေါ်ယူရန် အမေရိကန်က တောင်းဆိုခဲ့သည်ဟု AFP သတင်းတွင် ဖော်ပြခဲ့သည်။ ယင်းအစည်းအဝေးကို ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ကျင်းပဖွယ် ရှိသည်ဟု အမည်မဖော်လိုသည့် သံတမန်တစ်ဦးက ပြောကြားခဲ့ပြီး အမေရိကန်၏ အဆိုပြုချက်ကို အယ်လ်ဘေးနီးယား၊ ဗြိတိန်၊ ပြင်သစ်၊ အိုင်ယာလန်နှင့် မက္ကဆီကိုနိုင်ငံတို့က ထောက်ခံခဲ့ကြောင်း သိရသည်။ |
| ၂၀။ | ၂၀ – ၁ – ၂၀၂၂ | အာဖဂန်နစ္စတန်နိုင်ငံ၏ ယာယီဝန်ကြီးချုပ် Mullah Hassan Akhund က တာလီဘန်တို့ ဖွဲ့စည်းထားရှိသည့် အိမ်စောင့်အစိုးရကို အသိအမှတ်ပြုရန်နှင့် သံတမန်ဆက်ဆံရေးထူထောင်ရန် နိုင်ငံတကာ အသိုက်အဝန်းကို တောင်းဆိုကြောင်း ဇန်နဝါရီ (၁၉) ရက်က အာဖဂန်ယာယီအစိုးရ၏ စီးပွားရေးဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ |
| | | ရုရှားအနေဖြင့် ယူကရိန်းကို ကျူးကျော်မှု ပြုလုပ်မည်ဆိုလျှင် ကြီးကြီးမားမား ပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဇန်နဝါရီလ (၁၉) ရက်နေ့တွင် သတိပေးခဲ့သည်။ သမ္မတ ဗလာဒီမီယာပူတင်က စစ်ဖြစ်ရန် ဆန္ဒရှိနေသည်ဟု မိမိအနေဖြင့် မယူဆသော်လည်း ရုရှားခေါင်းဆောင်သည် အခြေအနေ တင်းမာမှုကို လျှော့ချရန် အလွန်ခက်ခဲသွားစေသည့် အခြေအနေတစ်ရပ် ဖန်တီးခဲ့ကြောင်းနှင့် ယင်းသည် ဒေသတွင်း၌ ထိန်းမနိုင်သိမ်းမရ အခြေအနေဆီသို့ အလွယ်တကူ ရောက်ရှိသွားနိုင်ကြောင်းကို သမ္မတဘိုင်ဒင်က ပြောကြားခဲ့သည်။ |
| | | ပြုံယမ်းသည် အဏုမြူလက်နက် စမ်းသပ်မှုများကိုလည်းကောင်း၊ တာဝေးပစ်လက်နက်စမ်းသပ်မှုများကိုလည်းကောင်း ပြန်လည်လုပ်ဆောင်မည်ဟု မြောက်ကိုရီးယား အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။ |
| | | ပင်လယ်ဓားပြတိုက်ဖျက်ရေးအတွက် အီရန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း ရေပြင်နှင့် ဝေဟင်စစ်ရေးလေ့ကျင့်မှုများကို ဇန်နဝါရီလ (၂၁) ရက်နေ့တွင် စတင်လုပ်ဆောင်သွားမည်ဟု အီရန်ရေတပ်အရာရှိတစ်ဦး၏ ပြောဆိုချက်ကို The Moscow Times သတင်းတွင် ဖော်ပြခဲ့သည်။ စစ်ရေးလေ့ကျင့်မှုတွင် အီရန် တပ်မတော်ရေတပ်မှ စစ်ရေယာဉ် (၁၁) စီး၊ အီရန်တော်လှန်ရေးအစောင့်တပ် ရေတပ်မှ စစ်ရေယာဉ် (၃) စီး၊ ရုရှားရေတပ်မှ စစ်ရေယာဉ် (၃) စီးနှင့် တရုတ်ရေတပ်မှ စစ်ရေယာဉ် (၂) စီး ပါဝင် လေ့ကျင့်သွားမည်ဖြစ်ကြောင်း အီရန်ရေတပ်ဗိုလ်ချုပ်ကြီး မူစတာဖာ တာဂျစ်ဒီနီက အစိုးရပိုင်ရုပ်သံဌာနကို ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ် နှောင်းပိုင်းကာလတွင်လည်း အဆိုပါသုံးနိုင်ငံသည် အိုမန်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် အလားတူ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ |

| | | |
|---|---|---|
| | | ရုရှားနိုင်ငံနှင့် နေတိုးအဖွဲ့သည် မတူကွဲပြားသည့် နည်းလမ်းအမျိုးမျိုး ရှိနေသော်လည်း ဆက်ဆံရေး ပုံမှန်အခြေအနေ ရောက်ရှိအောင် ဆက်လက်ဆွေးနွေး ညှိနှိုင်းသင့်ကြောင်း ဟန်ဂေရီ နိုင်ငံခြားရေးဝန်ကြီး ပီတာဆီဂျာတိုက TASS သတင်းဌာနကို ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ပြောကြားခဲ့သည်။ |
| ၂၁။ | ၂၁ - ၁ - ၂၀၂၂ | တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လေတပ်မှ Shaanxi Y-8 ရေငုပ်သင်္ဘော တိုက်ဖျက်ရေး လေယာဉ်တစ်စင်းသည် ထိုင်ဝမ် လေကြောင်းရန်ကာကွယ်ရေး သတ်မှတ်ဇုန် (ADIZ) အတွင်း ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း ထိုင်ဝမ် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာခဲ့သည်။ တရုတ်လေယာဉ် ကျူးကျော်မှုကို တုံ့ပြန်သည့်အနေဖြင့် ထိုင်ဝမ်လေတပ်က တိုက်လေယာဉ်များ စေလွှတ်ပြီး ရေဒီယိုဆက်သွယ်ရေး မှတစ်ဆင့် သတိပေးကာ တရုတ်လေယာဉ်ကို စောင့်ကြည့်ရန်အတွက် လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်များကို အသင့်ပြင်ဆင်ခဲ့ရကြောင်း Taiwan News တွင် ဖော်ပြရေးသားခဲ့သည်။ ထိုသို့ ဝင်ရောက်မှုသည် ယခုလအတွင်း (၁၇) ကြိမ်မြောက် ကျူးကျော်ဝင်ရောက်ခြင်း ဖြစ်သည်။ |
| | | အစ္စရေးနိုင်ငံသည် ဂျာမနီထုတ်ဖြစ်သည့် Dakar ရေငုပ်သင်္ဘော (၃) စီး ဝယ်ယူရန် အမေရိကန် ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ တန်ကြေးရှိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း Times of Israel သတင်းတွင် ဖော်ပြခဲ့သည်။ ပထမဦးဆုံး ရေငုပ်သင်္ဘောကို (၉) နှစ်အတွင်း အစ္စရေးသို့ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း သိရှိရသည်။ အစ္စရေးနိုင်ငံတွင် လေ့ကျင့်ရန်အတွက် Simulator ဆောက်လုပ်ပေးရန်နှင့် အပိုပစ္စည်းများ ထောက်ပံ့ရန်အတွက်ပါ စာချုပ်တွင် ထည့်သွင်းရေးဆွဲထားသည်။ |
| | | ရုရှားနိုင်ငံသည် တော်ပီဒိုများတပ်ဆင်နိုင်သော မောင်းသူမဲ့ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ်တစ်စင်းကို တည်ဆောက်မည်ဖြစ်ကြောင်း TASS သတင်းဌာနက ရေးသားခဲ့သည်။ အဆိုပါရေယာဉ်ကို သင်္ဘောတစ်စင်းပေါ်မှဖြစ်စေ၊ ကမ်းရိုးတန်း ထိန်းချုပ်ရေးဌာန တစ်ခုခုမှဖြစ်စေ ကိုင်တွယ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ |
| | | ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း စစ်ရေးလေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ရုရှားနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားကို ကာကွယ်ရန်နှင့် ရေကြောင်းဆိုင်ရာ စစ်ရေးခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ လေ့ကျင့်မှုများတွင် စစ်သည် (၁၀၀၀၀) ကျော်၊ စစ်ရေယာဉ်နှင့် ထောက်ပို့ရေး ရေယာဉ် (၁၄၀) ကျော်၊ လေယာဉ် (၆၀) ကျော်၊ စစ်လက်နက်ပေါင်း (၁၀၀၀) ကျော် ပါဝင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ |
| | | အမေရိကန်ထုတ် တင့်ဖျက်ဒုံးကျည်များနှင့် အခြားစစ်လက်နက်ပစ္စည်းများ တင်ပို့ရန် အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယား နိုင်ငံများကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ခွင့်ပြုခဲ့သည်။ ခွင့်ပြုချက်အရ အက်စ်တိုးနီးယားနိုင်ငံက ဂျက်ဗလင် တင့်ဖျက်ဒုံးကျည်များ ယူကရိန်းနိုင်ငံသို့ အမြန်ပေးပို့သွားမည်ဖြစ်ပြီး လစ်သူယေးနီးယားနိုင်ငံက မြေပြင်-ဝေဟင်ပစ် စတင်းဂါးဒုံးကျည်များ ပေးပို့သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားခဲ့သည်။ ယူကရိန်းအတွက် စစ်ရေးအကူအညီပေးရန် ကန်ဒေါ်လာ သန်း (၂၀၀) ကို ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့ကြောင်း အမေရိကန်အစိုးရက ထုတ်ဖော်ပြောကြား ခဲ့သည်။ |
| | | မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုများကို တုံ့ပြန်ရန် မြောက်ကိုရီးယား နိုင်ငံသား |

| | | |
|---|---|---|
| | | (၅) ဦးအပေါ် ကုလသမဂ္ဂပိတ်ဆို့မှုများ ချမှတ်ရန် အမေရိကန်၏ ကြိုးပမ်းချက် တစ်ရပ်ကို တရုတ်နှင့် ရုရှားတို့က ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ပိတ်ပင်ခဲ့သည်ဟု သံတမန်များက အေအက်ဖ်ပီသတင်းဌာနကို ပြောကြားခဲ့သည်။ |
| ၂၂။ | ၂၂ - ၁ - ၂၀၂၂ | မြေထဲပင်လယ်ဒေသရှိ နေတိုးတပ်ဖွဲ့ဝင်များ၏ ရေတပ်စစ်ရေး လေ့ကျင့်မှုတွင် ပါဝင်ရန် USS Harry S. Truman ဦးဆောင်သော တိုက်ခိုက်ရေး သင်္ဘောအုပ်စုကို စေလွှတ်ခဲ့ကြောင်း The Hill သတင်းတွင် ဖော်ပြခဲ့သည်။ လေ့ကျင့်မှုကို Neptune Strike 22 ဟု အမည်ပေးထားပြီး ဇန်နဝါရီလ (၂၄) ရက်မှ ဖေဖော်ဝါရီလ (၄) ရက်အထိ ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။ လေ့ကျင့်မှုသည် ရန်သူကို ဟန့်တားပြီး မဟာမိတ်နိုင်ငံများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရည်ရွယ်လေ့ကျင့်ကြောင်း သိရသည်။ |
| | | ဂျာမနီနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများကို ယူကရိန်းနိုင်ငံသို့ တင်ပို့ခြင်းမပြုရန် နေတိုးအဖွဲ့ဝင်ဖြစ်သည့် အက်စ်တိုးနီးယားနိုင်ငံအား ဂျာမနီနိုင်ငံက ပိတ်ပင်တားဆီးလိုက်ကြောင်း The Wall Street Journal က ရေးသားခဲ့သည်။ အက်စ်တိုးနီးယားသည် ယူကရိန်းအတွက် D-30 ဟောင်ဝစ်ဇာအမြောက်များ တင်ပို့ပေးရန် စိတ်အားထက်သန်နေသည့် နိုင်ငံဖြစ်သည်။ |
| | | ဥရောပ အရှေ့ပိုင်းရှိ နေတိုးအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဘူဂေးရီးယားနှင့် ရိုမေးနီးယားတို့မှ တပ်ဖွဲ့ဝင်များကို ပြန်ရုပ်သိမ်းရန် ရုရှား၏ တောင်းဆိုမှုကို နေတိုးမဟာမိတ်အုပ်စုက ပယ်ချခဲ့သည်။ |
| ၂၃။ | ၂၃ - ၁ - ၂၀၂၂ | တရုတ်နိုင်ငံက ဖိလစ်ပိုင်တပ်မတော်အတွက် ဒေါ်လာ (၂၁) သန်းတန်ကြေးရှိ စစ်လက်နက်ပစ္စည်းများ လှူဒါန်းကြောင်း ဖိလစ်ပိုင် အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာခဲ့သည်။ တရုတ်နိုင်ငံက လှူဒါန်းသည့် စစ်လက်နက်ပစ္စည်းများတွင် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ဒရုန်းလေယာဉ်များ၊ ဓာတ်သတ္တုနှင့် မိုင်းရှာကိရိယာများ၊ ရေသန့်စင်စက်များ၊ လူနာတင်ယာဉ်များ၊ မီးသတ်ယာဉ်များ၊ ဓာတ်မှန်ရိုက်ကိရိယာများ၊ EOD စက်ရုပ်များ၊ ဗုံးရှင်းဝတ်စုံများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် မြေတူးစက်များ၊ မြေသယ်ကားများ၊ ဝန်ချီစက်များနှင့် မြေကော်စက်များကဲ့သို့ အင်ဂျင်နီယာသုံး ယာဉ်စက်ပစ္စည်းကိရိယာများ ပါဝင်မည်ဖြစ်ကြောင်း Army Recognition တွင် ဖော်ပြခဲ့သည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံအတွက် ပေးပို့လှူဒါန်းသော စစ်လက်နက်ပစ္စည်းများ စာရင်းတွင် ရိုင်ဖယ်သေနတ်များ၊ ခဲယမ်းများနှင့် စနိုက်ပါမှန်ပြောင်းများလည်း ပါဝင်ခဲ့သည်။ |
| | | ဂျက်တိုက်လေယာဉ် အများစုပါဝင်သော စစ်လေယာဉ် (၃၉) စင်းကို ထိုင်ဝမ်လေကြောင်းရန် ကာကွယ်ရေးဇုန်အတွင်းသို့ တရုတ်က စေလွှတ်ခဲ့ကြောင်း ထိုင်ဝမ်အစိုးရက ထုတ်ပြန်ခဲ့သည်။ ယင်းသည် တရုတ်၏ ကျူးကျော်မှုများတွင် တစ်ရက်အတွင်း ဒုတိယ အကြီးမားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့ တစ်ရက်အတွင်း အကြီးမားဆုံး ကျူးကျော်မှုအဖြစ် တရုတ်စစ်လေယာဉ် (၅၆) စင်းအထိ ကျူးကျော်ဝင်ရောက်ခဲ့သည်။ |
| | | အာဖဂန်နစ္စတန်တွင် အမျိုးသမီးတက်ကြွလှုပ်ရှားသူ နှစ်ဦးပျောက်ဆုံးနေမှုနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်နေချိန်တွင် အစိုးရအတိုက်အခံများကို ထိရောက်စွာ နှိမ်နင်းပိုင်ခွင့်နှင့် ဆန္ဒပြသူများကို ထောင်ချပိုင်ခွင့် ရှိသည်ဟု တာလီဘန် အာဏာပိုင်များက ဇန်နဝါရီလ (၂၃) ရက်တွင် သတိပေးခဲ့သည်။ |
| ၂၄။ | ၂၄ - ၁ -၂၀၂၂ | အီရန်နိုင်ငံသည် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ပေးသွင်းရန် ကျန်ရှိနေသော |

| | | |
|---|---|---|
| | | အသင်းဝင်ကြေး ကြွေးကျန်များကို တောင်ကိုရီးယားနိုင်ငံ၌ ထိန်းချုပ်ခံထားရသည့် အီရန်ရန်ပုံငွေများမှတဆင့် ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်၍ အီရန်နိုင်ငံအနေဖြင့် မဲပေးခွင့် ပြန်လည်ရရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီးက ထုတ်ဖော်ကြေညာခဲ့သည်။ နယူးယောက်မြို့တွင် အီရန်၏ အသင်းဝင်ကြေး ကြွေးကျန်များကို လက်ခံရရှိပြီးပြီးချင်းမှာပင် နိုင်ငံ၏မဲပေးပိုင်ခွင့်သည် ပုံမှန်နည်းလမ်းအရ ပြန်လည်ရရှိစေရမည်ဖြစ်ကြောင်း သံအမတ်ကြီး Majid Takht-Ravanchi က ဇန်နဝါရီ ၂၂ ရက် နှောင်းပိုင်းတွင် ပြောကြားခဲ့သည်ဟု အီရန် IRNA သတင်းဌာနက ဖော်ပြခဲ့သည်။ အီရန်နိုင်ငံ၏ အသင်းဝင်ကြေး ပေးသွင်းရန်ကျန်ရှိသည့် အမေရိကန်ဒေါ်လာ (၁၈) သန်းကို ပေးသွင်းလိုက်ပြီဟု တောင်ကိုရီးယားက ဇန်နဝါရီလ (၂၃) ရက်တွင် အတည်ပြုခဲ့သည်။ |
| | | အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံရှိ အမေရိကန်သံရုံးဝန်ထမ်းများကို နိုင်ငံတွင်းမှ ထွက်ခွာသွားကြရန် ခွင့်ပြုလိုက်ပြီး ယူကရိန်းနိုင်ငံတွင်းရှိ အမေရိကန်နိုင်ငံသားများကိုလည်း နိုင်ငံတွင်းမှ ထွက်ခွာကြရန်နှင့် ခရီးသွားလာမှုကိုလည်း ရှောင်ကြဉ်ရန် ဇန်နဝါရီလ (၂၃) ရက်နေ့က နှိုးဆော်တိုက်တွန်းခဲ့သည်။ |
| | | အမေရိကန်တပ်ဖွဲ့ဝင်အင်အားအများအပြားကို ရုရှားနှင့် ယူကရိန်းနယ်စပ်သို့ စေလွှတ်ပြီး တပ်ဖြန့်ချထားရေး စီစဉ်ရန်အတွက် သမ္မတဂျိုးဘိုင်ဒန်အစိုးရအနေဖြင့် ဆွေးနွေးနေကြောင်း New York Times သတင်း၌ ဖော်ပြခဲ့သည်။ အမေရိကန်တပ်များကို အင်အား (၁၀၀၀) မှ (၅၀၀၀) အထိ ရိုမေးနီးယားနှင့် ဘော်လတစ်နိုင်ငံများဖြစ်သော အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ လစ်သူယေးနီးယားတို့တွင် တပ်ဖြန့်ချထားနိုင်ရန် ပင်တဂွန်စစ်ဌာနချုပ်မှ မဟာဗျူဟာရေးဆွဲသူများနှင့် သမ္မတဘိုင်ဒန်တို့ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ တပ်ဖြန့်ချထားမှုကို အင်အား (၅၀၀၀၀) အထိ တိုးမြှင့်ရန်ကိုပါ ဆွေးနွေးခဲ့ကြသည်။ |
| | | အာဖဂန်နစ္စတန်နိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ရန် တာလီဘန်နှင့် အနောက်နိုင်ငံသံတမန်များသည် အော်စလိုမြို့၌ တွေ့ဆုံခဲ့ကြသည်။ ဥရောပကို ပထမဆုံးသွားရောက်ခဲ့သည့် တာလီဘန်ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဥရောပသမဂ္ဂနှင့် နော်ဝေသံတမန်များကို တွေ့ဆုံခဲ့ကြသည်။ အာဖဂန်အမျိုးသမီးများ၏ လွတ်လပ်ခွင့်များကို ထိန်းချုပ်ခဲ့ကြသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်ဟု သိရသည်။ |
| | | ယီမင်ရှိ ဟူသီသူပုန်များက ပစ်လွှတ်လိုက်သော ပဲ့ထိန်းဒုံးကျည် နှစ်စင်းကို ယူအေအီးကောင်းကင်ယံတွင် ကြားဖြတ်ဖျက်ဆီးခဲ့ရကြောင်း ယူအေအီးကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ |
| | | ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာသည် ဆော်ဒီနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း ဆော်ဒီနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ဇန်နဝါရီလ (၂၅) ရက်နေ့မှ စတင်မည့် နှစ်ရက်ကြာ ခရီးစဉ်အတွက် ဝန်ကြီးချုပ် ပရာယွတ်အား ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန်က ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း ထိုင်းအစိုးရက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ "အဲဒီခရီးစဉ်ဟာ နှစ်ပေါင်း ၃၀ ကျော်အတွင်း နှစ်နိုင်ငံအကြား အစိုးရခေါင်းဆောင်တစ်ဦးရဲ့ ပထမဆုံးခရီးစဉ်လည်း ဖြစ်ပါတယ်" ဟု ကြေညာချက်တွင် ထုတ်ပြန်ခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုခန့်က ဆော်ဒီနန်းတော်တစ်ခုမှ ရတနာများ အခိုးခံရမှုနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား သံတမန်ရေးတင်းမာမှု ဖြစ်ပွားခဲ့ရပြီး စိန်ပြာအရှုပ်တော်ပုံဟု အမည်ပေးခံရသည့် ၎င်းပြဿနာကို ယနေ့ထက်တိုင် အကျေအလည် ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။ |

| | | |
|---|---|---|
| | | ရုရှား၏ စစ်ရေယာဉ်များနှင့် ထောက်ပို့ရေယာဉ် အစီး (၂၀) သည် ဘောလ်တစ်ပင်လယ်၌ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ လေကြောင်းရန်ကာကွယ်ရေးနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ရည်ရွယ်သည့် အကြီးစားစစ်ရေးလေ့ကျင့်မှုများအား လုပ်ဆောင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ |
| ၂၅။ | ၂၅ - ၁ - ၂၀၂၂ | ဂျာမနီနိုင်ငံ Rhine Ordnance Barracks တွင် အမေရိကန်၏ နိုင်ငံပြင်ပ ကမ္ဘာ့အကြီးဆုံး စစ်ဆေးရုံကြီးတည်ဆောက်ရန်အတွက် အမေရိကန်က ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ စစ်ဆေးရုံကြီး ဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ ၉၆၉ သန်း တန်ကြေးရှိ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းကို Züblin ကုမ္ပဏီနှင့် Gilbane ကုမ္ပဏီတို့ ပူးပေါင်းထားသည့် ဆောက်လုပ်ရေးကုမ္ပဏီကြီးသို့ အပ်နှံခဲ့သည်။ |
| | | ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ၏ ဆော်ဒီခရီးစဉ်အတွင်း သံတမန်ဆက်ဆံရေးများကို အပြည့်အဝ ပြန်လည်ထူထောင်ကြောင်း နှစ်နိုင်ငံလုံး ကြေညာခဲ့သည်။ ထို့ပြင် အနာဂတ်တွင် နှစ်နိုင်ငံအကြား သံအမတ်များ ခန့်ထားရေးကိုလည်း သဘောတူညီခဲ့ကြသည်။ ထိုင်းဝန်ကြီးချုပ် ပရာယွတ်နှင့် ဆော်ဒီ အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင် ဆယ်လ်မန်တို့၏ အစည်းအဝေးအပြီးတွင် ပူးတွဲအစီရင်ခံစာ တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး ဆော်ဒီလေကြောင်းလိုင်းသည်လည်း လာမည့်မေလတွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ |
| ၂၆။ | ၂၆ - ၁ - ၂၀၂၂ | ရုရှားနိုင်ငံသည် ယူကရိန်းနယ်စပ်အနီးတွင် စစ်သည်အင်အား အများအပြားဖြင့် စစ်ရေးလေ့ကျင့်မှုအသစ်များ ပြုလုပ်နေချိန်တွင် ရုရှားသမ္မတ ဗလာဒီမီယာပူတင်ကို ပုဂ္ဂိုလ်ရေးအရ ပစ်မှတ်ထားသည့် စီမံလုပ်ဆောင်ချက်များ အပါအဝင် ထိခိုက်နစ်နာစေမည့် ပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဟု အမေရိကန်က သတိပေး ပြောဆိုခဲ့သည်။ |
| ၂၇။ | ၂၇ - ၁ - ၂၀၂၂ | အမေရိကန်အစိုးရ၏ ရုရှားနိုင်ငံအပေါ် ရန်လိုမှုကို တုံ့ပြန်သည့်အနေဖြင့် ချူကလီးယားလက်နက်များ တပ်ဆင်ထားသော ချူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော နှစ်စီးကို အမေရိကန်ပြည်ထောင်စု ကမ်းလွန်ပင်လယ်ပြင်တွင် တပ်ဖြန့်ချထားကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ရုရှားချူကလီးယား ရေငုပ်သင်္ဘောနှစ်စီးအနက် ပထမတစ်စီးမှာ အမေရိကန်အရှေ့ဘက်ကမ်းရိုးတန်းတွင် ရောက်ရှိနေပြီး ဒုတိယတစ်စီးကို အနောက်ဘက်ကမ်းရိုးတန်းတွင် တပ်ဖြန့်ထားကြောင်း အတည်မပြုနိုင်သော သတင်းများအရ သိရသည်။ နောက်ထပ် ရုရှားရေငုပ်သင်္ဘောတစ်စီးကို အာတိတ်သမုဒ္ဒရာသို့ တပ်ဖြန့်ချထားမည်ဟု Sina Military က သုံးသပ်ဖော်ပြခဲ့သည်။ |
| | | ရုရှားနိုင်ငံက တောင်းဆိုထားသည့် လုံခြုံရေးအာမခံချက်ကို တုံ့ပြန်သောအားဖြင့် နေတိုးအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စုတို့က စာတစ်စောင်ကို ဇန်နဝါရီလ (၂၆) ရက်တွင် မော်စကိုရှိ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့သည်။ ရုရှားနိုင်ငံ အနေဖြင့် ယူကရိန်းနှင့် ဂျော်ဂျီယာနိုင်ငံတွင် တပ်ဖြန့်ချထားရှိသည်ကို ပြန်လည်ရုပ်သိမ်းရန် ရုရှားအစိုးရအား နေတိုးအကြီးအကဲ ဂျန်းဆော့လ်တန်းဘာ့ဂ်က တောင်းဆိုခဲ့သည်။ |
| | | နေတိုးအဖွဲ့သည် ခေတ်မမီအသုံးမဝင်တော့သည့် အဖွဲ့ကြီးဖြစ်ကြောင်း ဘေဂျင်းက ထုတ်ဖော်ပြောဆိုခဲ့သည်။ ရုရှားအစိုးရ၏ မျှတပြီးလက်ခံနိုင်သော လုံခြုံရေး စိုးရိမ်ပူပန်မှုကို အနောက်နိုင်ငံများက လေးလေးနက်နက်စဉ်းစားရန် တရုတ်နိုင်ငံက တောင်းဆိုခဲ့သည်။ တရုတ်နိုင်ငံသည် ယူကရိန်းအရေးအခင်းတွင် ရုရှားနိုင်ငံကို အင်တိုက်အားတိုက် ထောက်ခံလျက်ရှိသည်။ |
| | | ရုရှားနိုင်ငံသည် ပင်လယ်နက်အတွင်းတွင် စစ်ရေယာဉ်နှင့် ထောက်ပို့ရေယာဉ် အစီး |

| | | |
|---|---|---|
| | | (၂၀) ကျော်ပါဝင်သည့် စစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် ၎င်းတို့၏ အခြေစိုက်စခန်းများမှ ထွက်ခွာသွားခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလ (၂၆) ရက်တွင် ထုတ်ပြန်ခဲ့သည်။ ဖရီးဂိတ်များ၊ ကင်းလှည့်စစ်ရေယာဉ်များ၊ ဒုံးကျည်ပစ်လွှတ်နိုင်သည့် စစ်ရေယာဉ်များ၊ ကမ်းတက်ရေယာဉ်များ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေယာဉ်များနှင့် မိုင်းရှင်းရေယာဉ်များ ပါဝင်သည့် စစ်ရေယာဉ်အုပ်စုသည် သတ်မှတ်ထားသည့် စစ်ရေးလေ့ကျင့်မှု ဧရိယာများသို့ သွားရောက်နေကြောင်း ထုတ်ပြန်ခဲ့သည်။ |
| | | ယူကရိန်းနိုင်ငံကို NATO အဖွဲ့ဝင်အဖြစ် လက်မခံရန် ရုရှားဖက်က တောင်းဆိုထားရှိပြီး တောင်းဆိုမှုအပေါ် အပြုသဘောဆောင်သော အဖြေမရရှိခဲ့ပါက ပြင်းပြင်းထန်ထန် တုံ့ပြန်သွားမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က အောက်လွှတ်တော်တွင် ပြောကြားခဲ့သည်။ |
| | | ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံမှ သံတမန်များသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှ ဆွေးနွေးမှုအတွင်း ယူကရိန်းနိုင်ငံ အရှေ့ဘက်တွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ကြရန် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြပြီး ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်း မပြုရေးအတွက် ဆက်လက်ဆွေးနွေးသွား မည်ဖြစ်ကြောင်း DW သတင်းဌာန၏ ဖော်ပြချက်အရ သိရှိရသည်။ |
| | | ဘေဂျင်းမြို့တော်တွင် ကျင်းပမည့် ၂၀၂၂ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကို အမေရိကန်က ကြားဝင်နှောက်ယှက်နေကြောင်း တရုတ်နိုင်ငံက စွပ်စွဲလိုက်ပြီး၊ ယင်းလုပ်ရပ်ကို ရပ်တန့်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် ပဋိပက္ခအသစ်များ မဖြစ်တည်စေရေးကို အရေးပေးသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး Wang Yi က ပြောဆိုခဲ့သည်။ |
| ၂၉။ | ၂၉ - ၁ - ၂၀၂၂ | အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းနိုင်ငံတွင် စစ်မက်ဖြစ်ပွားလာပါက အမေရိကန်တပ်ဖွဲ့ဝင်များကို ပါဝင်တိုက်ခိုက်ရန် စေလွှတ်ခြင်းမပြုသည့်တိုင်အောင် ယူကရိန်းနိုင်ငံ အသုံးပြုနိုင်ရန် စစ်လက်နက်ပစ္စည်းများ ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း The Globe and Mail သတင်းတွင် ဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံက ဂျက်ဗလင် တင့်ဖျက်ဒုံးကျည်များ၊ ဖုံးပစ်လောင်ချာများနှင့် လက်နက်ခဲယမ်းများကို ယူကရိန်းတပ်ဖွဲ့ဝင်များထံ ပေးပို့လျက်ရှိကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး အယ်လွိုက်သြစတင်နှင့် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမက်မီလီတို့က ဇန်နဝါရီလ (၂၈) ရက်နေ့တွင် သတင်းထောက်များကို ပြောဆိုခဲ့သည်။ |
| | | ယူကရိန်းတပ်ဖွဲ့များနှင့် တိုက်ပွဲဝင်ရာတွင် ခွဲထွက်ရေးဝါဒီများအတွက် လိုအပ်လာမည့် ခေတ်မီလက်နက်များ ထောက်ပံ့ပေးပို့ရန် ခွဲထွက်ရေးဝါဒီ ခေါင်းဆောင်တစ်ဦးက ရုရှားနိုင်ငံထံ ဇန်နဝါရီလ (၂၇) ရက်နေ့က တောင်းဆိုခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် ကလက်ရှ်နီကော့ဗ် ချေမှုန်းရေးရိုင်ဖယ်များနှင့် ဆိုဗီယက်ခေတ် စက်သေနတ်များအစား မျိုးဆက်သစ်လက်နက်များကို ခွဲထွက်ရေးဝါဒီများထံ ထောက်ပံ့ပေးနိုင်ကြောင်း ရုရှားအစိုးရလိုလားသည့် နိုင်ငံရေး လေ့လာတင်ပြသူ ဗလာဒီမာဆိုလော့ယက်ဗ်က ပြောဆိုခဲ့သည်။ “ပထမဦးဆုံးနဲ့ အရေးအကြီးဆုံးက ဘေရက်တာစ် (တူရကီထုတ် ဒရုန်းများ) တွေကို တုံ့ပြန်တိုက်ခိုက်ဖို့ လက်နက်သစ်တွေ လိုအပ်နေတာပဲဖြစ်ပါတယ်။” ဟု ၎င်းက အင်တာဗျူးတစ်ခုတွင် ပြောဆိုခဲ့သည်။ |
| | | ယူကရိန်းအရေးနှင့် ပတ်သက်၍ ရုရှားသမ္မတ ဗလာဒီမီယာပူတင်အပေါ် ဆက်လက်ဖိအားပေးရန် ကြိုးပမ်းသည့်အနေဖြင့် ဥရောပအရှေ့ပိုင်းသို့ တပ်ဖွဲ့ဝင်အချို့ ဖြန့်ကြက် |

| | | |
|---|---|---|
| | | စေလွှတ်သွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာခဲ့သည်။ ပင်တဂွန်ထိပ်တန်း တာဝန်ရှိသူများက သံတမန်နည်းလမ်းအရ အရှိန်မြှင့် ကြိုးပမ်းမှုများကို ထောက်ခံကြောင်း ပြောဆိုထားချိန်တွင် သမ္မတဘိုင်ဒင်က ယင်းသို့ ကြေညာခဲ့ခြင်း ဖြစ်သည်။ |
| | | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဖေဖော်ဝါရီလ (၁၆) ရက်နှင့် (၁၇) ရက်တို့တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်းနှင့် အာဆီယံအထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ရန် ပြင်ဆင်နေကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက်ခ်ဆိုခွန်းက အတည်ပြုပြောကြားခဲ့သည်။ |
| | | ကမ္ဘာကြီးအနေဖြင့် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရန်နှင့် ပြည်တွင်းစစ်ကို ရှောင်လွှဲနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင် သွားရမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်က ဇန်နဝါရီလ (၂၈) ရက်နေ့တွင် ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနတွင် ဖော်ပြခဲ့သည်။ |
| ၃၀။ | ၃၀ - ၁ - ၂၀၂၂ | အစ္စရေးသမ္မတ Isaac Herzog သည် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) သို့ အလည်အပတ် ခရီးသွားရောက်ခဲ့ကြောင်း သိရသည်။ အီရန်နျူကလီးယား သဘောတူစာချုပ်ကို ပြန်လည်အသက်သွင်းရန်အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများ ကြိုးပမ်းနေသည်နှင့်အမျှ ပင်လယ်ကွေ့ဒေသတွင်း တင်းမာမှုများ တိုးလာနေချိန်တွင် ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေးခိုင်မာစေရန် အစ္စရေးသမ္မတက ပထမဆုံး အလည်အပတ်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ |
| | | ယူကရိန်းနိုင်ငံအပေါ် ရုရှား၏ ရန်လိုနေသည့် လုပ်ရပ်များကို ဟန့်တားနိုင်စေရန် ရည်ရွယ်ပြီး ရုရှားအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ချမှတ်နိုင်မည့် မူကြမ်းတစ်ရပ်ကို ဗြိတိန်က ထုတ်ပြန်သွားရန်ရှိကြောင်း Sky သတင်းဌာနတွင် ဖော်ပြခဲ့သည်။ |
| | | ရုရှား – ယူကရိန်းအရေးကို ရင်ဆိုင်ရာတွင် နေတိုးအဖွဲ့အား ကူညီရန်အတွက် အရှေ့ဥရောပဒေသသို့ ဗြိတိန်စစ်သည်ဦးရေကို တစ်ဆထပ်တိုးပြီး ဖြန့်ကျက်ရန် ပြင်ဆင်နေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ |
| ၃၁။ | ၃၁ - ၁ - ၂၀၂၂ | ရုရှားမြောက်ပိုင်းရေတပ် တိုက်ခိုက်ရေးသင်္ဘောအုပ်စု အဖွဲ့သည် နော်ဝေပင်လယ်အတွင်း ရေငုပ်သင်္ဘောတိုက်ဖျက်မှု စစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်း သင်္ဘောအုပ်စုမှ သတင်းထုတ်ပြန်ရေးအရာရှိက ဇန်နဝါရီလ (၃၁) ရက်တွင် ထုတ်ပြန်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုများတွင် စစ်ရေယာဉ်နှင့် ထောက်ပို့ရေယာဉ် အစီးရေ (၁၄၀)၊ လေယာဉ်/ရဟတ်ယာဉ် အစင်း (၆၀) ကျော်၊ စစ်လက်နက်ပစ္စည်း (၁၀၀၀) နှင့် တပ်ဖွဲ့ဝင် (၁၀၀၀၀) ဝန်းကျင်ပါဝင်ကြောင်း သိရသည်။ |
| | | အီသီယိုးပီးယားနိုင်ငံမြောက်ပိုင်း Tigray ဒေသတွင် အစိုးရတပ်နှင့် လူမျိုးစု တပ်ဖွဲ့များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် တီဂရာယန်လူမျိုး အများအပြား အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး လူဦးရေ ၄၀ ရာခိုင်နှုန်း နီးပါးသည် စားနပ်ရိက္ခာပြတ်လပ်မှုကို ဆိုးရွားစွာ ခံစားနေရကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ထုတ်ပြန်ကြေညာခဲ့သည်။ |
| | | အီရတ်နိုင်ငံ ဘာကိုဘာမြို့အပြင်ဘက် တောင်ထူထပ်သော အယ်လ်–အေဇမ်ခရိုင်ရှိ စစ်တန်းလျားတစ်ခုအား အိုင်အက်စ်အဖွဲ့က တိုက်ခိုက်ခဲ့မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဘဂ္ဂဒက်မြောက်ပိုင်းတွင် အီရတ်တပ်မတော်က လေကြောင်းတိုက်ခိုက်ခဲ့ရာ လက်ဘနွန်လူမျိုး (၄) ဦးအပါအဝင် အိုင်အက်စ်အကြမ်းဖက်သမား (၉) ဦး သေဆုံးခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားခဲ့သည်။ ဇန်နဝါရီလ (၂၁) ရက်တွင် အီရတ်စစ်တန်း |

| | | |
|---|---|---|
| | | လျားကို အိုင်အက်စ်အဖွဲ့က သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့မှုကြောင့် ကင်းသမားနှင့် အိပ်မောကျနေသော အီရတ်စစ်သည် (၁၁) ဦး သေဆုံးခဲ့သည်။ |
| | | မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ အရှိန်မြင့်တက်လာခြင်းမှသည် နျူကလီးယားလက်နက်များနှင့် တိုက်ချင်းပစ်ဒုံးပျံများ (ICBM) ပြန်လည်စမ်းသပ် ပစ်ခတ်ရန် ရှေ့ပြေးနိမိတ်များ ဖြစ်လာမည်ကို အမေရိကန်ပြည်ထောင်စုက စိုးရိမ်ပူပန်ကြောင်း အမေရိကန်ထိပ်တန်းအရာရှိတစ်ဦးက ပြောဆိုခဲ့ပြီး မြောက်ကိုရီးယားအစိုးရအနေဖြင့် ကြိုတင်သတ်မှတ်ချက်များ မထားရှိဘဲ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ လုပ်ဆောင်ရန် အသင့်ပြင်ဆင် ထားရှိသင့်ကြောင်း ၎င်းကပြောဆိုခဲ့သည်။ |
| | | ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးမည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

**TISS – Myanmar**